# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၇၉)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၆ ရက် ၊ ၁၂–၉–၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်

## ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင် စိုက်ပျိုးခဲ့

နေပြည်တော် စက်တင်ဘာ ၁၁

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**ဦးဆောင်စိုက်ပျိုး**

ယနေ့တွင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ သို့ ○

**ယနေ့ ဖတ်စရာအညွှန်း**


ချန်ပီယံလိဂ်ဖလားကို လီဗာပူးအသင်းသာ ရရှိမည်ဟု စူပါကွန်ပျူတာ ခန့်မှန်း — စာမျက်နှာ ၁၁

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ — စာမျက်နှာ ၁၂

ဂုဏ်တော်ကွန်ချာနှင့် ဟံသာဂီရိချောင် (ဆောင်းပါး) — စာမျက်နှာ ၁၇


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ သောကြာနေ့။

မန္တလေး

## ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိ

ကမ္ဘာ့နိုင်ငံပေါင်း ၁၅၉ နိုင်ငံဖြင့် ဖွဲ့စည်းထားသော ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်စဉ် စက်တင်ဘာ ၂၇ ရက်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ထားပြီး အဖွဲ့ဝင်နိုင်ငံများက ယင်းနေ့တွင် အခမ်းအနားများ ကျင်းပလေ့ရှိသည်။ မြန်မာနိုင်ငံ အနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် စာတမ်းဖတ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့သည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်ရခြင်းမှာ ခရီးသွားလုပ်ငန်းမှ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုအပေါ် အကျိုးသက်ရောက်မှု၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် အကျိုးသက်ရောက်မှုတို့ကို သိရှိနားလည်သဘောပေါက်စေရန် ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ရာ ယခုနှစ် အပါအဝင် (၁၄)ကြိမ် ရှိပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်အလိုက် ဆောင်ပုဒ်များကို သတ်မှတ်ပေးလေ့ရှိပြီး ယခုနှစ်အတွက် ဆောင်ပုဒ်မှာ Tourism and Sustainable Transformation "ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးဖို့ စဉ်ဆက်မပြတ် ဖော်ဆောင်စို့"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားရှိကြောင်း ၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် စာတမ်းဖတ်ပွဲများကို စီစဉ်ကျင်းပလျက်ရှိကြောင်း ယနေ့ ကျင်းပပြုလုပ်သော စာတမ်းဖတ်ပွဲသို့ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ မဟာဘွဲ့သင်တန်းသားများ၊ ဝန်ကြီးဌာနမှ အရာထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ ပါဝင်ဖတ်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ စာတမ်းရှင်များက ခရီးသွားကဏ္ဍဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။ ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး မြို့ပြနှင့်ကျေးလက်ဒေသများတွင်ရှိသည့် လူငယ်များနှင့် ကျေးလက်နေပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့် အလှအပများကို ဖွင့်လှစ်ပြသနိုင်သည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ရာ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများက ပူပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ပခုက္ကူစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ပထမဆုရ "အမေ့သား(နတ်မောက်)"ရေးသားသည့် "မုသားချိုချိုနှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ အသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။**သတင်းစဉ်**

## လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ်၊ ၇ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

**လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်**

ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည့် အခွင့်အာဏာကို ကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်အမိန့်အရ ပြန်လည်လွှတ်မြောက်လာခဲ့သည့် ဒေါက်တာအေးမောင် သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ ဦးတည်ချက်များကို အစဉ်တစိုက်မဖိတ်မသုန် စွဲမြဲစွာ ခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှုအရ ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့် ပြစ်ဒဏ်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွှတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည်။

ပုံ

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် (တတိယအကြိမ်) ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော် (တတိယအကြိမ်)ကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းတွင် ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ မန္တလေး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ သစ်ပင်စိုက်ပျိုးရန်အတွက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နေရာယူကြပြီး တိုင်းမှူးက ရတနာတန်းဝင် ကျွန်းပင်ကို **(အောက်ပုံ)** စိုက်ပျိုးပေးကာ တက်ရောက်လာသူများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။




အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်(တတိယအကြိမ်)ကို ယနေ့တွင် အသီးသီး ဆောင်ရွက်ခဲ့ကြရာ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ရတနာတန်းဝင်ပင် ၄၇၃၃ ပင်၊ နှစ်ရှည်စားသုံးသီးနှံပင် ၅၆၀၇ ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင် ၉၉၅ ပင်၊ အရိပ်ရလေကာပင် ၁၇၈၇၉ ပင် စုစုပေါင်း ၂၉၂၁၉ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(၀၃၈)

## အသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခရိုင်တိုင်းရင်းဆေးကုဌာနနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက စံပြရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်တိုင်းရင်းဆေးကုဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သင်းသင်းဦးက မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ကြိုတင်ကာကွယ်ကုသရမည့် နည်းလမ်းများ၊ အာဟာရပြည့်ဝသည့် ဓာတ်စာများ စားသုံး၍ ကျန်းမာရေးနှင့် ညီညွတ်အောင်နေထိုင်ရမည့် နည်းလမ်းများအကြောင်းကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းက ဓာတုပစ္စည်းများပါဝင်သည့် စားသုံးရန်မသင့်သော စားသောက်ကုန်များအကြောင်းနှင့် စားသုံးသူအခွင့်အရေးများအကြောင်းကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က ကလေးအလုပ်သမားပပျောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြပြီး၊ ခရိုင်တိုင်းရင်းဆေးကုဌာနမှ ခရိုင်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၄၀၀ ကျော်တို့အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၅၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



○ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုးရာသီကာလသို့ ရောက်ရှိလာပြီဆိုပါက မြေဆီမြေနှစ်များ နိုးကြားပြီး ထိုအချိန်တွင် တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်၍ သစ်ပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးခဲ့ကြောင်း၊ ယခုပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် ယခုနှစ်အတွက် တတိယအကြိမ် စိုက်ပျိုးသည့်ပွဲဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၏ အဓိကရည်ရွယ်ချက်မှာ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်ပင်သစ်တောများ ပြန်လည်အစားထိုးဖြည့်သွင်းစိုက်ပျိုးခြင်းလည်းဖြစ်ကြောင်း။

သစ်တောသစ်ပင် မျိုးနွယ်စိတ်များသည် လူနှင့် သတ္တဝါများအတွက် အသက်ရှင်သန်ရန် နေ့စဉ်စားသုံးနေရသည့် အစာကွင်းဆက်တွင် အဓိကအကျဆုံး မူလအရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ပြင် သက်ရှိသတ္တဝါများအားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် အပြန်အလှန် သက်ရောက်မှီခိုနေရသည့် သဘာဝဂေဟစနစ် ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် အဓိကမောင်းနှင်အား အရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်တောသစ်ပင်များ အမြန်ဆုံးကုစားစိုက်ပျိုးခြင်းသည် လူသားတိုင်းကိုယ်စီပြုမူသင့်သည့် အလေ့အထကောင်းတစ်ခုဖြစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

သစ်ပင်သစ်တောများအား အကြောင်းအမျိုးမျိုးကြောင့် ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များ နည်းပါးလာပြီး ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများကြောင့် ရာသီဥတုများ စံချိန်တင်ပူပြင်းခြင်း၊ မုန်တိုင်းများ ဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိလူသားများ ခံစားနေရကြောင်း၊ လူသားများ၏ လုပ်ဆောင်မှုများကြောင့် ရာသီဥတုများ ပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းအလေ့အထသည် မြန်မာလူမှုပတ်ဝန်းကျင်တွင် **"တစ်သက်ပျော်ချင် သစ်ပင်စိုက်"**ဆိုသည့် အဆိုအမိန့်စကားတစ်ရပ်ရှိကြောင်း၊ အဓိကအားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံတော်သာယာရန်အတွက် လူတိုင်းလိုလားကြကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြီး သစ်ပင်များကို စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့မှုများကြောင့် ယခုအခါ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လျက်ရှိခြင်းဖြစ်ကြောင်း၊ ယခင်က တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာရှိကြီးများအနေဖြင့်လည်း နေပြည်တော်သို့ရောက်ရှိချိန်တွင် ၎င်းတို့ ယခင်က စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို ကြည့်ရှု၍ စိတ်ကြည်နူးချမ်းမြေ့ရသည်ကို မိမိကို ပြောကြားကြကြောင်း၊ ယခုစိုက်ပျိုးသည့် သစ်ပင်များသည်လည်း နောင်အခါတွင် ရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်ကို ယခုထက်ပိုမို စိမ်းလန်းစိုပြည်စေကာ မိမိတို့အတွက် အမှတ်တရဖြစ်စေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အိမ်တိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးရန် မိမိအနေဖြင့် အမြဲတိုက်တွန်း ပြောကြားလျက်ရှိကြောင်း။

ယခုအခါ စိမ်းလန်းစိုပြည်သာယာမှုများမှာ အထိုက်အသင့်ရှိလာပြီဖြစ်ကြောင်း၊ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်ကြောင်း**၊ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ ငွေကြေးနှင့် လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရ စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့စိုက်ပျိုးခဲ့သည့် သစ်ပင်များအား တစ်ပင်စိုက်တစ်ပင်ရှင် ဖြစ်စေရန်အတွက် စနစ်တကျစိုက်ပျိုးရန်နှင့် ရှင်သန်ဖြစ်ထွန်းရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့်သူများကလည်း အထူးအလေးအနက်ထား၍ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ »»»

☆ **သစ်ပင်သစ်တောများအား အကြောင်းအမျိုးမျိုးကြောင့် ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များ နည်းပါးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ရာသီဥတုများ စံချိန်တင်ပူပြင်းခြင်း၊ မုန်တိုင်းများ ဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိ လူသားများ ခံစားနေရ**

☆ **လူသားများ၏ လုပ်ဆောင်မှုများကြောင့် ရာသီဥတုများ ပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန်လို**

☆ **ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်**

»» စာမျက်နှာ ၃ မှ

### နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

### ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည် သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တတိယ အကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၆၀၀၊ ပိတောက်ပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀ စုစုပေါင်းပျိုးပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၄ ကြိမ် ကျင်းပပြုလုပ်၍ ရတနာ တန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီး ဖြစ်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

### တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၈၆၃၁၂ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၃၅၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၆၃၉၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၀၀၉ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၈၇၉၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၁၅၉၄ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၀၀၄၇ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၅၈၈၁ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၈၂၀၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၆၁၄၅ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၇၆ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၉၂၁၄ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၇၀၁၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်း သစ်ပင် ၁၈၆၃၁၂ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး ကျင်းပ





နေပြည်တော် စက်တင်ဘာ ၁၁

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မသန်စွမ်းကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် လူမှုရေးရာဝန်ကြီးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံသည် မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်ရစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားကော်မတီသည် မသန်စွမ်းသူများအားလုံး အကျုံးဝင်ပါဝင်နိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ထောင်ရေးအတွက် ကြီးကြပ်ပံ့ပိုးကူညီမှုများဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုဝင်များသည် သဘာဝဘေးအပါအဝင် အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကြုံတွေ့ရပါက ပိုမိုထိခိုက်ခံစားနိုင်ရသူများဖြစ်၍ မသန်စွမ်းသူများအရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှပါဝင်ခွင့်ရရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထကောင်းများဖြစ်ပေါ်လာရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ အများနည်းတူ ဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပံ့ပိုးစေလိုကြောင်း၊

မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး၊ မသန်စွမ်းမှတ်ပုံတင်ရရှိစေရေး စသည့်အရေးကြီးကိစ္စများအတွက်လည်း ဝန်ကြီးဌာနအသီးသီးက ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အလုပ်ခန့်အပ်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝေပုံကျနှုန်းထားသတ်မှတ် အလုပ်ခန့်အပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်မှာ မသန်စွမ်းသူများဖြစ်ကြောင်း၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် မသန်စွမ်းများပူးပေါင်းပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ မူဝါဒများရေးဆွဲချမှတ်ရာတွင် မသန်စွမ်းမှုဆိုင်ရာ အချက်အလက်များ တိကျမှန်ကန်စေရေးအတွက် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် အခက်အခဲကြုံတွေ့ရသည့် ဘေးသင့်ဒေသများမှ မသန်စွမ်းသူများအား မြန်မာနိုင်ငံမသန်စွမ်းသူများအသင်း ချုပ်မှ စိစစ်တင်ပြပေးမှုအရ လတ်တလောသက်သာချောင်ချိစေရေး ပံ့ပိုးကူညီမှုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မသန်စွမ်းသူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီခြင်း၊ မသန်စွမ်းသူများအတွက် အခြေခံအခွင့်အရေးများဖြစ်သည့် အထူးပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ သဘာဝဘေးကြုံတွေ့ချိန်တွင် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးတို့အား စနစ်တကျ ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မသန်စွမ်းကိုယ်စားလှယ်များက ကဏ္ဍအလိုက် မသန်စွမ်းသူများအခွင့်အရေးအတွက် ဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသော အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးကြကာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၁

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိ ဟိုတယ် Grand Ball Room ၌ ကျင်းပသည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားအား နေပြည်တော်၌ နိုင်ငံရေး အနှစ်သာရရှိရှိဖြင့် ခမ်းနားစွာ ကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပရန် စီမံဆောင်ရွက်လျက်ရှိသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် NCA သည် ငြိမ်းချမ်းရေးအတွက် အရေးကြီးကြောင်း၊ NCA နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲတို့၌ NCA တွင် ပါဝင်ခဲ့ကြသူများ၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသည့် Stakeholders များ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ကဏ္ဍအသီးသီးမှ တက်ရောက်လာကြသူများ အနေဖြင့် NCA ၏ ၁၀ နှစ်တာကာလ အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည် ဖော်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများအပေါ် အချင်းချင်း အမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ပြီး အလွတ်သဘောကျယ်ပြန့်စွာ ဆွေးနွေးနိုင်ရန် အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း၊ NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး၊ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များအပေါ် လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးပေးနိုင်ရေး ကိစ္စများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသား နယ်မြေများတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှု လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြခန်းများတွင် ပါဝင်ခင်းကျင်းပြသနိုင်ရေး ကိစ္စများအား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍ အရေးပါမှု အခြေအနေ၊ လက်ရှိနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုနှင့် NCA အခမ်းအနား၏ အရေးပါမှု အခြေအနေနှင့် အခမ်းအနားကျင်းပရေးနှင့်ပတ်သက်၍ လိုအပ်ချက်များအား ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ပုဒ်အဖြစ် **"NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်"**ဟု သတ်မှတ်ထားပြီး **"မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ် တည်ဆောက်ရန် အတွက် ဆက်လက် ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း"** Theme ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် (ဗဟို)အဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ထံ အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် (ဗဟို)အဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့ထံ အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပညာရှင်များ၊ ခရိုင်နှင့် တက္ကသိုလ်များမှ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွင် အသက်အရွယ် သတ်မှတ်ချက်အလိုက် အနုပညာရှင်များက ကြိုးစားဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်မည့် ထူးချွန်သော အနုပညာရှင်များကို စနစ်တကျ ရွေးချယ်ဖော်ထုတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပထမဆုရရှိသူများအနေဖြင့် ဗဟိုအဆင့်ပြိုင်ပွဲများတွင် တိုင်းဒေသကြီးဂုဏ်ကိုဆောင်ပြီး ဆုတံဆိပ်များစွာ ဆွတ်ခူးနိုင်အောင် စခန်းသွင်းလေ့ကျင့်သည့် အချိန်ကာလတွင် ဘာသာရပ်အလိုက် အနုပညာအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်အောင် ထိရောက်မှန်ကန်စွာဖြင့် စနစ်တကျ လေ့ကျင့်ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆို၊ အက၊ အရေး၊ အတီး အကဲဖြတ် ပညာရှင်များအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲ၊ အတီးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပြီးနောက် ဆုရရှိသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က (ဗဟို)အဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ အုပ်ချုပ်သူ စည်ပင်သာယာရေးဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့ထံသို့ အောင်နိုင်ရေးအလံအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ အတိုးရငွေများ ပြန်လည်ကောက်ခံ

**ဇမ္ဗူသီရိ စက်တင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာအုပ်စု၊ ရှားတောကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ အတိုးရငွေများ ပြန်လည်ကောက်ခံခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ စီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမလေးလပတ်အတွက် ချေးငွေအတိုးငွေများကို ပြန်လည်ပေးဆပ်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက Nature Link Pay (Trusty) မှ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှားတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်သည့် စီမံကိန်းအသင်းသား၊ အသင်းသူ ၁၅၀ ဦးအား ထုတ်ချေးထားသော ရန်ပုံငွေကျပ် ၄၆ သိန်း ၉ သိန်း၏ အတိုးရငွေကျပ် ၀ ဒသမ ၉၃၈ သိန်းကို Mobile Financial Payment စနစ်ဖြင့် ပြန်လည်ကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(၄၄၅)**



၀-၀-၀-၀-၀

၀-၀-၀

## ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး



**ညောင်ဦး စက်တင်ဘာ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း(၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ညောင်ဦးမြို့နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းမှာ အရှည် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မဖြစ်ပြီး ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၂၀ ဒသမ ၂၅ သန်းဖြင့် ညောင်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၄စ၁)**

## ကန့်ဘလူမြို့၌ စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**ကန့်ဘလူ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ ဌာနဆိုင်ရာများ၊ ဆီလုပ်ငန်းရှင်များ၊ ဆီကုန်သည်များ ပူးပေါင်း၍ ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများကို ပြင်ပပေါက်ဈေးထက် လျှော့ချရောင်းချပေးလျက်ရှိရာ စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ ရွှေကျွန်းတောလမ်းဘေး၌ ရောင်းချပေးခဲ့သည်။

ထိုသို့ စားအုန်းဆီများ ရောင်းချပေးရာတွင် ရပ်ကွက်နေပြည်သူတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားလျှင် ငွေကျပ် ၃၉၅၀ ဖြင့် ပြည်သူများလက်ဝယ်အရောက် ရောင်းချပေးခြင်းဖြစ်ပြီး ကျန်ရပ်ကွက်များဖြစ်သည့် အမှတ်(၁၊ ၃၊ ၄၊ ၅) ရပ်ကွက်များတွင်လည်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အင်္ဂါဂြိုဟ်ပေါ်မှ ထူးခြားသည့် မီးသင့်ကျောက်ဆောင်များထဲတွင် ရှေးခေတ်သက်ရှိများ၏ အထင်ရှားဆုံး အထောက်အထားများ တွေ့ရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၁**

အင်္ဂါဂြိုဟ်ပေါ်တွင် တွေ့ရှိရသော ထူးခြားသည့် ကျောက်ဆောင်များသည် ယင်းဂြိုဟ်ပေါ်တွင် ရှေးအခါက သက်ရှိများ ရှိခဲ့ခြင်း၏ အခိုင်မာဆုံး အထောက်အထားဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။



နာဆာ၏ ဖွဲလုံ့လဂြိုဟ်ဆင်း ယာဉ် တွေ့ရှိခဲ့သော ဖုန်ထူသည့် မြစ်ဝှမ်းအတွင်းရှိ မီးသင့်ကျောက် များသည် စိတ်ဝင်စားဖွယ်ရာ အမှတ်အသားများဖြင့် ပြည့်နှက် နေသည်။

ထိုအမှတ်အသားများသည် ရှေးခေတ် အင်္ဂါဂြိုဟ်ပေါ်မှ သေးငယ်သော သက်ရှိများနှင့် ဆက်စပ်နေနိုင်သည့် ဓာတ်ပြုမှုများမှ ထွက်ပေါ်လာသော သတ္တုဓာတ် များ ပါဝင်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။

ယင်းသတ္တုဓာတ်များသည် သဘာဝ "ဘူမိ"ဖြစ်စဉ်များမှ ထွက်ပေါ်လာနိုင်သော်လည်း နာဆာက ယင်းအမှတ်အသား များသည် ယခင်က မည်သည့်အခါမျှ မတွေ့ရှိရသေးသည့် သက်ရှိများ၏ အထင်ရှားဆုံး လက္ခဏာများ ဖြစ်နိုင်သည်ဟု သုံးသပ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဂျပန်နိုင်ငံတွင် စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် လက်ကားရောင်းဝယ်ရေး ငွေကြေးဖောင်းပွမှု အရှိန်မြင့်တက်လာ

**တိုကျို စက်တင်ဘာ ၁၁**

ဂျပန်နိုင်ငံတွင် စားသောက် ကုန်ဈေးနှုန်းများ မြင့်တက်မှု ကြောင့် လက်ကားရောင်းဝယ် ရေး ငွေကြေးဖောင်းပွမှု အရှိန် မြင့်တက်လာကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

စားသောက်ကုန် ကုန်ဈေး နှုန်းများ တည်ငြိမ်စွာ မြင့်တက် လာမှုကြောင့် ဩဂုတ်လတွင် ဂျပန်နိုင်ငံ၏ လက်ကားရောင်း ဝယ်ရေး ငွေကြေးဖောင်းပွမှု အရှိန်မြင့်တက်လာခဲ့ပြီး၊ ယင်း အချက်က မကြာမီ ဘဏ်အတိုး နှုန်းကို တိုးမြှင့်ပေးနိုင်ဖွယ်ရှိ သည်။

ကုမ္ပဏီများ အချင်းချင်း ကုန်ဈေးနှုန်းနှင့် ဝန်ဆောင်မှု များအတွက် ကောက်ခံသည့်ကုန် ဈေးနှုန်းကို တိုင်းတာသော အညွှန်းကိန်းသည် ဩဂုတ်လ တွင် တစ်နှစ်လျှင် ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဩဂုတ်လတွင် စားသောက် ကုန်နှင့် အဖျော်ယမကာ ကုန် ဈေးနှုန်းများမှာ ယခင်နှစ်ထက် ၅ ဒသမ ၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ ပြီး ဇူလိုင်လ၏ ၄ ဒသမ ၇ ရာခိုင်နှုန်း ကုန်ဈေးနှုန်းထက် ပိုမို မြန်ဆန်ခဲ့သည်။

ထို့ကြောင့် အလွန်မြင့်မား နေသော ဂျပန်စားသောက်ကုန် ကုန်ဈေးနှုန်းက ငွေကြေးဖောင်း ပွမှုကို မြင့်မားစွာ ဆက်လက် ထိန်းထားမည်ဟု ခန့်မှန်းရ ကြောင်း သိရသည်။ **Mon**



# နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ချားလ်စ်ကော့ခ် လုပ်ကြံခံရပြီးနောက် တရားခံကို လက်ရဖမ်းဆီးနိုင်ရန် အပူတပြင်း လိုက်လံရှာဖွေလျက်ရှိ




**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ရင်းနှီးသောမဟာမိတ်ဖြစ်သူနှင့် လက်ယာဝါဒီ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ချားလ်စ်ကော့ခ် စက်တင်ဘာ ၁၀ ရက်တွင် ယူတာပြည်နယ်ရှိ ဗာလ်လီတက္ကသိုလ်၌ ကျင်းပပြု လုပ်သော အခမ်းအနားတစ်ခု အတွင်း သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခံရမှုဖြစ်ပွားပြီးနောက် တရားခံကို လက်ရဖမ်းဆီးနိုင်ရန် အပူတပြင်း လိုက်လံရှာဖွေလျက် ရှိကြောင်း စီအင်န်အင်န်သတင်း ဌာနက ဖော်ပြသည်။

အခင်းဖြစ်ပွားပြီးနောက် ပထမပိုင်းတွင် အဆိုပါ အသက် ဆုံးရှုံးရမှုနှင့် ပတ်သက်၍ အရာရှိများထံမှ နာရီပေါင်းများစွာကြာအောင် ရှုပ်ထွေးသော ကြေညာချက်များ ထွက်ပေါ်ခဲ့သည်။

"ဒီပစ်ခတ်မှုနဲ့ပတ်သက်ပြီး အခုထိ စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ပါတယ်"ဟု ယူတာပြည်နယ် ပြည်သူ့လုံခြုံရေးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီး အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ အက်ဖ်ဘီအိုင်၊ ယူတာခရိုင် ရှေ့နေရုံး၊ ယူတာခရိုင် ရဲမှူးရုံးနှင့် ဒေသခံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

"စုံစမ်းစစ်ဆေးရေးနဲ့ တရားခံကို လိုက်လံဖမ်းဆီးရေး လုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု ကြေညာချက်တွင် ဖော်ပြထားပြီး သံသယရှိသူနှစ်ဦးကို ဖမ်းဆီး စစ်ဆေးပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။

အဆိုပါသေနတ်ပစ်ခတ်မှုသည် တက္ကသိုလ်ဝင်းအတွင်း ဖြစ်ပွားခဲ့ပြီး အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားခဲ့သည်ဟုဆိုသော သံသယရှိသူသည် အဆောက်အအုံခေါင်မိုးပေါ်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်နိုင်သည်ဟု ရဲစုံထောက်များက ထင်မြင်ယူဆကြသည်။

ကွယ်လွန်သူ အသက် ၃၁ နှစ်အရွယ် ကော့ခ်နှင့် ၄င်းပူးတွဲတည်ထောင်ခဲ့သည့် အမေရိကန်ပြည်ထောင်စုရှိ အကြီးဆုံးအမျိုးသားရေးဝါဒီ လူငယ်အဖွဲ့အစည်းဖြစ်သော ယူအက်စ်အေအချိုးအကွေ့တွင် ထရမ့်ဘက်မှ အားပေးထောက်ခံစေရန် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း သိရသည်။ **Mon**

# တူကီယဲနိုင်ငံတစ်ဝန်း လူမှောင်ခိုဂိုဏ်းဖြိုခွင်း လူမှောင်ခိုသမား ၅၂ ဦးကိုဖမ်းဆီး

**အန်ကာရာ စက်တင်ဘာ ၁၁**

တူကီယဲနိုင်ငံ၌ ပြည်နယ်ပေါင်း ၈၁ ခုတွင် စစ်ဆင်ရေးအသွင်ဖြင့် လူမှောင်ခိုမှုများ ဖြိုခွင်းရာ နိုင်ငံခြားသား ၁၄ ဦးအပါအဝင် ရွှေ့ပြောင်းနေထိုင်သူများကို မှောင်ခိုကူးသည့် လူမှောင်ခိုသမား ၅၂ ဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက စက်တင်ဘာ ၁၁ ရက်တွင် ပြောသည်။

ရဲတပ်ဖွဲ့သည် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုများနှင့် ရွှေ့ပြောင်းလူမှောင်ခိုလုပ်ငန်းစီစဉ်သူများကိုပစ်မှတ်ထားကာ စက်တင်ဘာ ၇ ရက်က စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက လူမှုကွန်ရက်တွင် ပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်း စစ်ဆေးမှုပေါင်း ၄၀၂၀၉၈ ခုပြုလုပ်ခဲ့ပြီး ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းနေထိုင်သူ ၆၆၆ ဦးကို ဖမ်းဆီးထားသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အာဏာပိုင်များသည် အများပြည်သူ သွားလာလှုပ်ရှားရာနေရာ ၇၈၈၃ ခု၊ ဂိုဏ်ပေါင်း ၄၈၃ ခုနှင့် အခြားနေရာ ၆၇၄၆ ခု တို့ကို စစ်ဆေးခဲ့ပြီး ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းနေထိုင်သူများကို ၎င်းတို့၏နိုင်ငံများသို့ ပြန်လည်ပို့ဆောင်ရန် လုပ်ထုံးလုပ်နည်းများ စတင်လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

တူကီယဲနိုင်ငံသည် ဥရောပသို့ဝင်ရောက်ရန် ကြိုးပမ်းကြသည့် ပဋိပက္ခဖြစ်ပွားရာနိုင်ငံများမှ ရွှေ့ပြောင်းနေထိုင်သူများအတွက် အဓိကလမ်းကြောင်းတစ်ခုဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်း တူကီယဲနိုင်ငံသည် နယ်စပ်လုံခြုံရေးကို တင်းကျပ်ခဲ့ပြီး လူမှောင်ခိုလုပ်ငန်းများကို တိုက်ဖျက်ရန်အတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ခဲ့သည်။ ဆင်ဟွာ

# ဇမ်ဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါ ဖြစ်ပွားသူ ၂၃၁ ဦးရှိ

**လူဆာကာ စက်တင်ဘာ ၁၁**

ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစကာ ဇမ်ဘီယာ၌ ပထမဆုံးမျောက်ကျောက်ရောဂါ စတင်ဖြစ်ပွားသည်ဟု ကြေညာချိန်မှစကာ ရောဂါဖြစ်ပွားသူပေါင်း ၂၃၁ ဦးရှိပြီဖြစ်ကြောင်း ဇမ်ဘီယာအမျိုးသားကျန်းမာရေး အင်စတီကျု(ဇက်အင်န်ပီအိတ်ချ်အိုင်)က စက်တင်ဘာ ၉ ရက် ညနေပိုင်းက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားသူအသစ် ခုနစ်ဦးရှိကြောင်း၊ ယင်းကာလအတွင်း မျောက်ကျောက်ရောဂါ သံသယရှိသူ ၇၄ ဦးရှိရာ ရောဂါသံသယရှိသူပေါင်း ၁၂၂၅ ဦးရှိပြီဖြစ်ကြောင်း၊ သို့သော် ယင်းကာလအတွင်း ထပ်မံသေဆုံးသူမရှိကြောင်း ဇက်အင်န်ပီအိတ်ချ်အိုင်က ထုတ်ပြန်ထားသည်။

ဇက်အင်န်ပီအိတ်ချ်အိုင်၏ ထုတ်ပြန်ချက်အရ ယခုအခါ ဇမ်ဘီယာနိုင်ငံ၏ ပြည်နယ် ၁၀ ခုတွင် မျောက်ကျောက်ရောဂါ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။ ဆင်ဟွာ



# အင်ဒိုနီးရှားနိုင်ငံ၏ အားလပ်ရက်ကမ်းခြေကျွန်း ဘာလီတွင် နှစ်ရက်ဆက်တိုက်မိုးရွာ၊ ရေကြီးမှုဖြစ်ပွား လူခြောက်ဦး သေဆုံး

**ဂျကာတာ စက်တင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၏ အားလပ်ရက်ကမ်းခြေကျွန်း ဘာလီတွင် ယခုအပတ်အတွင်း ရေကြီးမှုများကြောင့် လူအနည်းဆုံး ခြောက်ဦး သေဆုံးခဲ့ပြီး မြို့တော်ရှိ အဓိကလမ်းမကြီးများကို ပိတ်ဆို့ခံခဲ့ရကြောင်း စီအင်န်အိုင်သတင်း ဌာနက ဖော်ပြသည်။

အင်ဒိုနီးရှား ဘာလီကျွန်း၏ မြို့တော် ဒန်ပါစာတွင် နှစ်ရက်ဆက်တိုက်ရွာသွန်းခဲ့သည့် မိုးကြီးမှုကြောင့် အဆောက်အအုံ နှစ်လုံးပြိုကျခဲ့ပြီး လူနှစ်ဦး သေဆုံးခဲ့ကြောင်း ကျွန်း၏ ရှာဖွေကယ်ဆယ်ရေးအေဂျင်စီ ဥက္ကဋ္ဌ ဆီဒိကာယာက ထုတ်ဖော်ပြောကြားသည်။

ဂျမ်ဘရာနာဒေသတွင် နောက်ထပ် လူနှစ်ဦး သေဆုံးခဲ့ပြီး ၈၅ ဦး ရွှေ့ပြောင်းခဲ့ရကြောင်း အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ် လျှော့ချရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

စက်တင်ဘာ ၁၀ ရက်အထိ ဘာလီကျွန်းတွင် ရေကြီးမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း အေဂျင်စီဥက္ကဋ္ဌ ဆူဟာယန်တိုက သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့လေဆိပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်ရေယာဉ်များအား အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖြတ်တောက်ပစ်ခတ်တိုက်ခိုက်မှုကို တွေ့ရစဉ်။

☆ စာမျက်နှာ ၂၄ မှ

ပူးပေါင်းအဖွဲ့များ၏ သာလွန်အင်အားအသုံးပြု၍ တိုက်ခိုက်လာမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ဩဂုတ်လ ၁၈ ရက်တွင် ကြားခံစစ်အဆင့်ဆင့်ဖြင့် ဗန်းမော်မြို့သို့ စနစ်တကျဆုတ်ခွာ၍ ဗန်းမော်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းခဲ့ရသည်။

ယင်းနောက် တပ်မတော်စစ်ကြောင်းများအနေဖြင့် ဗန်းမော်မြို့၌ စနစ်တကျပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ခဲ့ပြီးနောက် ဩဂုတ်လ ၂၀ ရက်တွင် မိုးမောက်မြို့အား အင်အားအလုံးအရင်းဖြင့် ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အထိနာခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် မိုးမောက်မြို့ရှိ နယ်မြေခံတပ်ရင်းအား ပြန်လည်သိမ်းပိုက်ရရှိနိုင်ရေး အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိချိန်တွင် အထိနာလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် စစ်မျက်နှာပြောင်းလဲ၍ မိုးမောက်မြို့သို့ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများအား လက်နက်၊ ခဲယမ်း၊ ရိက္ခာများ အဓိကထောက်ပံ့ပေးလျက်ရှိသည့် ဗန်းမော်မြို့ရှိ လေယာဉ်ကွင်း၊ တပ်ရင်းဌာနချုပ်များအား ပိတ်ဆို့ ဖြတ်တောက်နိုင်ရေးအတွက် ဗန်းမော်မြို့ဒေသခံပြည်သူလူထုအတွင်း ဒေသခံများအသွင် စိမ့်ဝင်နေထိုင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကူအညီများရယူကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှစ၍ နှစ်လအတွင်း ဗန်းမော်မြို့အား အပြီးသိမ်းပိုက်ရန်ကြွေးကြော်လျက် ဗန်းမော်မြို့တွင်းသို့ တောင်ဘက်နှင့် မြောက်ဘက် နှစ်ဖက်ညှပ်၍ တပ်မဟာအလိုက် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဗန်းမော်မြို့ရှိပြည်သူလူထုအချို့အနေဖြင့် စိုးရိမ်ထိတ်လန့်ခဲ့ကြရပြီး နေရပ်စွန့်ခွာထွက်ပြေး၍ ဘေးလွတ်ရာသို့ တိမ်းရှောင်နေခဲ့ရသည်။

အလားတူ မံစီမြို့အား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၍ ခေတ္တစိုးမိုးထားသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည်လည်း မံစီ-ဗန်းမော်လမ်းကြောင်းအတိုင်း ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့ရာ ဗန်းမော်မြို့ တောင်ဘက်ရှိ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုများဖြစ်ပွားခဲ့သည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဗန်းမော်မြို့၏ ဆက်သွယ်ရေးလမ်းကြောင်းများအား ဖြတ်တောက်ပိတ်ဆို့ခြင်းများကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုခေတ္တရပ်တန့်သွားခဲ့ရသဖြင့် ဒေသအတွင်းကျန်ရှိသည့်ဒေသခံများ၏ စားရေး၌ အခက်အခဲ၊ အကြပ်အတည်းများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်၍ အစိုးရနှင့် တပ်မတော်မှ ဒေသခံပြည်သူများ၏ စားသောက်နေထိုင်ရေးအတွက် ရေဝတီမြစ်ကြောင်းအတိုင်း သင်္ဘောကြီးများဖြင့် လိုအပ်သည့် ထောက်ပံ့ပို့ဆောင်ရေးများ ဆောင်ရွက်ပေးခဲ့ရာတွင်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ရေဝတီမြစ်ကြောင်းဝဲ/ယာတစ်လျှောက်ရှိ ကျေးရွာအချို့တွင် အတင်းအဓမ္မ ခြိမ်းခြောက်ဝင်ရောက်နေရာယူလျက် သင်္ဘောများအား အဝေးမှ နှောင့်ယှက်ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb ချတိုက်ခိုက်ခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည်။ စာမျက်နှာ ၉ သို့ ☆



တပ်မတော်မှ ရေယာဉ်များ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ပိတ်ဆို့ဖြတ်တောက်မှုများကြားမှ ဗန်းမော်ဆိပ်ကမ်းသို့ ရောက်ရှိမှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဗန်းမော်မြို့အနီးရှိ ရပ်ကွက်ကျေးရွာများမှ ဆောက်လုပ်ဆဲသာသနိကအဆောက်အအုံများ၊ ဒေသခံများ၏ နေအိမ်များအတွင်း အခိုင်အမာနေရာပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။



















အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

☆ စာမျက်နှာ ၈ မှ

ဗန်းမော်မြို့အနီးဝန်းကျင်ရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်လာသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား တန်ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာတွင်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ပြည်သူလူထုအား လူသားတံတိုင်းသဖွယ် အသုံးပြုတိုက်ခိုက်ခြင်း၊ ပြည်သူလူထု နေအိမ်များအတွင်း ဝင်ရောက်၍ အကာအကွယ်ယူတိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ပြည်သူလူထုနှင့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများ ထိခိုက်မှုမရှိစေရေးအတွက် ပစ်ခတ်မှုများကို ကန့်သတ်ချက်များကြားမှ အထူးဂရုပြု ဆောင်ရွက်ခဲ့ရသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် သာသနိကအဆောက်အအုံများ၊ ပြည်သူလူထု၏ ကွန်ကရစ်အမိုးပါ အထပ်မြင့်အဆောက်အအုံများနှင့် ဆေးရုံ၊ ဆေးခန်းနေရာများ၌ အခြေပြု၍ တိုက်ခိုက်ခြင်းများ အဆက်မပြတ် လုပ်ဆောင်လာခဲ့သဖြင့် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိ တပ်ဌာနချုပ်များ၊ လုံခြုံရေးတပ်စခန်းများနှင့် ဗန်းမော်လေဆိပ်တို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အတွင်း အဆင့်ဆင့်ကြားခံစစ်များရယူကာ ဗန်းမော်မြို့တွင်းရှိ နယ်မြေခံတပ်ဌာနချုပ်နေရာသို့ ဗျူဟာအရ ခေတ္တခွာစစ်ဆင်ပူးပေါင်းခဲ့ပြီး အင်အားအလုံးအရင်းဖြင့် ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်လာသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား ဆက်လက်ခုခံတိုက်ခိုက်ခဲ့သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဗန်းမော်မြို့အား အလုံးစုံသိမ်းပိုက်ရရှိနိုင်ရေး အင်အားအလုံးအရင်းဖြင့် စဉ်ဆက်မပြတ်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ/စစ်သည်၊ မိသားစုဝင်များ၊ အစိုးရဝန်ထမ်းများအနေဖြင့် ဗန်းမော်မြို့အား အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များလက်ဝယ်သို့ အလုံးစုံကျရောက်မှုမရှိစေရေး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဇူလိုင်လအထိ ရှစ်လတိုင်တိုင် လှေခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် အပြင်းအထန် ဟန့်စစ်ဆင်ခုခံမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ဗန်းမော်မြို့အား အလုံးစုံရရှိနိုင်ရေး စစ်ရေးအိပ်မက်မှာ ရပ်တန့်သွားခဲ့ရသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း အင်အားဖြည့်စစ်ကြောင်းများ လိုက်ပါလာသည့် တပ်မတော်ရေယာဉ်များအနေဖြင့် ဗန်းမော်မြို့သို့ ချီတက်ခဲ့ရာတွင် လမ်းခရီးတစ်လျှောက် တွန်းသဘော်နှစ်စင်း ပျက်စီးဆုံးရှုံးရသည်အထိ အခက်အခဲမျိုးစုံနှင့် အကြမ်းဖက်သောင်းကျန်းသူတို့၏ ဖြတ်တောက်ပိတ်ဆို့မှုမျိုးစုံတို့ကြားမှ အောင်မြင်စွာ ရောက်ရှိဆိုက်ကပ်နိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ စစ်ကြောင်း ခုနစ်ကြောင်းဖြင့် စုဖွဲ့ချီတက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိဗန်းမော် တက္ကသိုလ်နေရာမှတစ်ဆင့် နမ့်ဖားကျေးရွာရှိစခန်းအား စစ်ကြောင်းတစ်ကြောင်းဖြင့် ချီတက်သိမ်းပိုက်ခဲ့ပြီး ၎င်းစစ်ကြောင်းသည် ဗန်းမော်မြို့သို့ ဆက်လက်ဦးတည် ချီတက်၍လည်းကောင်း၊ ဗန်းမော်မြို့မြောက်ဘက်ရှိ နောင်ခိုရပ်ကွက်၊ မင်းလှရပ်ကွက်တို့အား စစ်ကြောင်းတစ်ကြောင်းဖြင့်ချီတက်၍လည်းကောင်း၊ ဗန်းမော်မြို့မြောက်ဘက်ရှိ အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ဌာနချုပ် လေးခု၊ တပ်စခန်းတစ်ခုနှင့် လေဆိပ်နေရာတို့အား အရှေ့ဘက်မှစစ်ကြောင်း သုံးကြောင်းနှင့် နမ်းဖားစခန်းအား သိမ်းပိုက်ပြီး ဗန်းမော်မြို့သို့ ဦးတည်လာသည့် စစ်ကြောင်းတစ်ကြောင်းတို့မှ နှစ်ဖက်ညှပ်၍လည်းကောင်း၊ ပင်စင်ကုန်းရပ်ကွက်၊ ညောင်ပင်ရပ်ကွက်၊ ခွန်သာရပ်ကွက်နှင့် သာစည်ရပ်ကွက်အတွင်းရှိ ဒေသအခေါ် ကချင်စုနေရာတို့အား စစ်ကြောင်း နှစ်ကြောင်းဖြင့်လည်းကောင်း တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြှင့်၍ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ အပြည့်အဝအားပေးထောက်ခံမှု၊ တပ်အင်အားဖြည့်တင်းရရှိမှု၊ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ စစ်နည်းဗျူဟာမြောက် ချီတက်တိုက်ခိုက်နိုင်မှု၊ ဖွဲ့၊ လှုံ့လ၊ ဝီရိယတို့ဖြင့် အဆင့်ဆင့် တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်မှ စက်တင်ဘာ ၁၁ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အနီးဝန်းကျင်ရှိ တပ်ဌာနချုပ်နေရာများ၊ ရပ်ကွက်၊ ကျေးရွာနှင့် စခန်းကုန်းနေရာအသီးသီးတို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကာ အကြမ်းဖက်သမားများ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဗန်းမော်မြို့၏ အရှေ့မြောက်ဘက်နှင့် ပင်မတပ်များရှိရာ မိုးမောက်မြို့ဘက်သို့ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးလျက်ရှိသည်။

တပ်မတော် စစ်ကြောင်းများက ဗန်းမော်မြို့အား ရန်သူ့လက်ဝယ်သို့ ကျရောက်မှုမရှိစေရေးနှင့် တပ်ဌာနချုပ်များအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့သောကြောင့် စစ်ဆင်ရေးကာလ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက် အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး (၁၆)ကြိမ်၊ ထိတွေ့မှုပေါင်း အကြိမ်(၄၉၀) ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၆၃ လောင်း၊ လက်နက်မျိုးစုံ ၁၇၈ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။ အဆိုပါ တိုက်ပွဲများတွင် မိမိဘက်မှ ရွပ်ရွပ်ချွံချွံ ပြန်လည်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် သေဆုံးသူ ၄၆၁၆ ဦးခန့်နှင့် ဒဏ်ရာရရှိသူ ၄၉၈၃ ဦးခန့်ရှိခဲ့ကြောင်း သီးခြားသတင်း ရင်းမြစ်များအရသိရှိရပြီး မိမိဘက်မှ အရာရှိ/စစ်သည် အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် အထိအခိုက်အကျအဆုံးများပြားလာသည့်အတွက် လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တပ်မတော်စစ်ကြောင်းများထံသို့ အလင်းဝင်ရောက်မှုများလည်း ရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများ အနေဖြင့် ဗန်းမော်မြို့အတွင်း ကျန်ရှိနေသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား ဆက်လက်နယ်မြေရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အတွင်းရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။











အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ရုပ်အလောင်းများကို တွေ့ရစဉ်။

# မြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ ပန်းခင်းများပြုလုပ်၍ စိုက်ပျိုးအလှဆင်ပုံဖော်ဆောင်ရွက်နေမှုနှင့် လမ်းမကြီးနှင့် မလွတ်ကင်းသည့် အပင်ကြီးများအား အလင်းဖွင့်ရှင်းလင်းဆောင်ရွက်နေမှုလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ကော်မတီနယ်နိမိတ်မြို့နယ်များတွင် လမ်းအလိုက်၊ ရပ်ကွက်များအလိုက် လမ်းဘေးဝဲယာ ရောင်စုံပန်းအလှပင်များ၊ အရိပ်ရပင်များကို ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနက စီမံချက်ချမှတ်၍ စိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မြို့တွင်းအဓိကလမ်းမကြီးများ၌ ပန်းအလှပင်များ စိုက်ပျိုးရေးအတွက် စီစဉ်လျက်ရှိရာ ၆၂ လမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာလှပစေရေး ရည်ရွယ်ချက်ဖြင့် ချမ်းအေးသာစံမြို့နယ်၊ ၃၂ လမ်းမှ ၃၅ လမ်းအတွင်း ၆၂ လမ်းအရှေ့ဘက်ခြမ်းတစ်လျှောက် မြေသားရှိ ဘုန်းတော်ကြီးကျောင်းတိုက်များ၏ မျက်နှာစာအုတ်တံတိုင်းနှင့် Precast ရေနုတ်မြောင်းအကြားရှိ နေရာများ၌ Ground Cover အလှပန်းပင်များဖြစ်သည့် ကိုယ်ရံဝါ၊ ပန်းခရမ်းပြာ၊ ဆပ်ပွား၊ ဂုဏ်ကမ်ကျား၊ နဂါးစက် စသည့် ပန်းအလှပင်များကို အမျိုးအစားအလိုက် အကန့်လိုက် ပန်းခင်းများပြုလုပ်၍ စိုက်ပျိုးအလှဆင်ပုံဖော်ဆောင်ရွက်နေမှု၊ လမ်းမကြီးနှင့် မလွတ်ကင်းဘဲ လမ်းပေါ်သို့ အုပ်မိုးကျနေသည့် အပင်ကြီးများ၏ သစ်ကိုင်းများအား Aerial Beremligt ကရိန်းကား၊ Chain Saw ပုံသွင်းစက်များ အသုံးပြု၍ ၆၂ လမ်းတစ်လျှောက် အလင်းဖွင့်ရှင်းလင်းဆောင်ရွက်နေမှုလုပ်ငန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်နှင့်အဖွဲ့အား ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးက အဆိုပါ လုပ်ငန်းများအား ဌာနမှ လုပ်သားဝန်ထမ်းအင်အား စုစုပေါင်း ၁၀၀ ဦးဖြင့် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ရောင်စုံပန်းအလှပင်များကို အမျိုးအစားတစ်ခုချင်းစီအလိုက် ရောင်ကွဲတစ်တန်းစီ အကန့်လိုက် စိုက်ပျိုးဆောင်ရွက်ရေးနှင့် ၆၂ လမ်းမကြီးတစ်လျှောက်ဘေး ဝဲယာ အရိပ်ရအပင်ကြီးများကို လမ်းပေါ်သို့ အုပ်မိုးကျနေသည့် သစ်ကိုင်း၊ သစ်ခက်များအား တစ်ညီတည်းဖြစ်အောင် ပုံသွင်းခြင်း၊ အလင်းဖွင့်လုပ်ငန်းများ ဆောင်ရွက်ပေးရန် ဖြည့်စွက်မှာကြားခဲ့သည်။



ထို့အပြင် သန့်ရှင်းရေးဌာနအနေဖြင့် လမ်းမကြီးဘေး ဝဲယာရှိ Precast ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်း ပိတ်ဆို့နေသည့် မြောင်းစာအမှိုက်သရိုက်များအား ရှင်းလင်းဖယ်ရှားပေးရန်နှင့် မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိသော ပလက်ဖောင်းများ တည်ဆောက်ခြင်း၊ Precast မြောင်းဖုံးများဆောင်ရွက်ပေးခြင်းလုပ်ငန်းများနှင့် Road Curb (လမ်းကာတုံး)များအား ယာဉ်စည်းကမ်းလိုက်နာရေး ဖြူ၊ နီကျား၊ ဝါ၊ နက်ကျား ဆေးလိုင်းများ ရေးဆွဲခြင်းလုပ်ငန်းများကို လမ်းတံတားဌာနအနေဖြင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရေး ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



## စာဖတ်ရှိန်မြှင့်မားရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် မင်းစုအခြေခံပညာအထက်တန်းကျောင်းတွင် စာဖတ်ရှိန်မြှင့်မားရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက အဆိုပါကျောင်း ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် မင်းစုအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဆွေက အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ရသစာအုပ်များနှင့် နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**တင်တင်ထွေး**

## လူငယ်စကားဝိုင်း ကျင်းပ၊ နံရံကပ်စာစောင်နှင့် စာအုပ်၊စာစောင်များ ပြသ

**မန္တလေး စက်တင်ဘာ ၁၁**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ် အမှတ်(၃၆)အခြေခံပညာအထက်တန်းကျောင်းရှိ ဗန္ဓုလခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade(10)နှင့် Grade (9) မှ ကျောင်းသား၊ ကျောင်းသူများက ကျား၊ မ တန်းတူညီမျှရေး၊ လူငယ်နှင့် မူးယစ်ဆေး၊ လူ့အခွင့်အရေး၊ လူငယ်နှင့်စာပေ စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။




ဆက်လက်၍ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည် ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီးနောက် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အမှတ် (၃၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ**

## ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြစ်သား စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာ၌ လမ်းအရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ကောင်းမွန်အောင် ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၇၇ သန်း၊ စုစုပေါင်း ငွေကျပ် ၁၈ ဒသမ ၇၇ သန်း အသုံးပြု၍ ဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ ၆ ရက်နေ့က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




## 2025 Chengdu Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၁၇ ရက်တွင် စတင်မည်



**ပေကျင်း စက်တင်ဘာ ၁၁**

တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Chengdu Open တင်းနစ်ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၁၇ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Chengdu Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၇ရက်မှ ၂၄ရက်အထိ ရရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Chengdu Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Chengdu Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အိမ်ရှင် တရုတ်တင်းနစ်ကစားသမား Shang Juncheng ဖြစ်သည်။

(အပေါ်ဝဲပုံ)
(NGB)

## နည်းပြ တက်ဒက်စကိုအား နည်းပြသစ်အဖြစ် ဖီနာဘာချီအသင်းခန့်အပ်

**လန်ဒန် စက်တင်ဘာ ၁၁**



တူရကီကလပ် ဖီနာဘာချီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ တက်ဒက်စကိုအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝ သက်တမ်းတစ်လျှောက်တွင် လိုက်ပဇစ်၊ ရော်လ်ကေးစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဖီနာဘာချီအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**

အသက်(၃၉)နှစ်အရွယ်ရှိ နည်းပြ တက်ဒက်စကိုက "ကျွန်တော့်ကို ဖီနာဘာချီအသင်း နည်းပြသစ်အဖြစ် ယုံယုံကြည်ကြည်တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရရှိအောင်လည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ပေးဆပ် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)

## အိုမာမာမွတ်ရှ် ဒူးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၁၁**

အီဂျစ်လက်ရွေးစင်အသင်းနှင့် မန်စီးတီးအသင်းတိုက်စစ်မှူး အိုမာမာမွတ်ရှ်သည် ဒူးဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံအသင်းဖြစ်သည့် အီဂျစ်လက်ရွေးစင်အသင်းအတွက် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



တိုက်စစ်မှူး အိုမာမာမွတ်ရှ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အီဂျစ်လက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် မန်စီးတီးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး အိုမာမာမွတ်ရှ်သည် အီဂျစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၁မှ ၂၀၂၅အထိ ပြိုင်ပွဲ ၃၉ပွဲကစားကာ ခုနစ်ဂိုးအထိ သွင်းယူထားသလို ကလပ်အသင်းဖြစ်သည့် မန်စီးတီးအသင်းနှင့်လည်း ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆မှ ပြိုင်ပွဲစုံ ၂၈ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ) (NGB)

## ချန်ပီယံလိဂ်ဖလားကို လီဗာပူးအသင်းသာ ရရှိမည်ဟု စူပါကွန်ပျူတာ ခန့်မှန်း

**လန်ဒန် စက်တင်ဘာ ၁၁**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ် ချန်ပီယံဆုကို လီဗာပူးအသင်းကသာ ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း Opta ၏ စူပါကွန်ပျူတာက ခန့်မှန်းခဲ့သည်။

စူပါကွန်ပျူတာ၏ ခန့်မှန်းချက်တွင် ချန်ပီယံလိဂ် ချန်ပီယံဆုကို ဆွတ်ခူးရန် လီဗာပူးအသင်းက ထိပ်ဆုံးနေရာမှ ရေပန်းစားခဲ့ပြီး ၎င်းနောက်တွင် အာဆင်နယ်၊ ပီအက်စ်ဂျီ၊ မန်စီးတီး၊ ချဲလ်ဆီးတို့က ရေပန်းစားလျက်ရှိသည်။

ယခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၆သင်းဖြင့် လိဂ်ပြိုင်ပွဲပုံစံ ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ရက်တွင် ပွဲစဉ်(၁) စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး လီဗာပူးအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(အောက်ပုံ)**

(NGB)




## အိုလီဆီအား စာချုပ်သက်တမ်းတိုးရန် ဘိုင်ယန်မြူးနစ်အသင်းစီစဉ်

**မြူးနစ် စက်တင်ဘာ ၁၁**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတောင်ပံကစားသမား အိုလီဆီအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား အိုလီဆီသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၉ပွဲကစားပြီး ၂၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘိုင်ယန်မြူးနစ်အသင်းထုတ်ပြန်ချက်တွင် "အိုလီဆီအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီ ရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



### ဘောလုံးသတင်း အတိုအထွာများ

* ဟူးလ်စီးတီးအသင်းသည် ဘန်လေအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့သည့် ရော်နယ်လ်ဒင်ဟို၏ သားဖြစ်သူ ဂျော်အိုမန်ဒက်စ်ကို ခေါ်ယူသွားမည် ဖြစ်သည်။

* အာဆင်နယ်အသင်း တောင်ပံကစားသမား မာတင်နယ်လီသည် လက်ရှိအချိန် အသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ဆော်ဒီကလပ်အသင်းများသို့ ပြောင်းရွှေ့သွားဖွယ်ရှိနေသည်။ (NGB)

## အဲရစ်ဆင်ကို ဝုဖ်ဘာတ်အသင်း ခေါ်ယူ

**မြူးနစ် စက်တင်ဘာ ၁၁**

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဝုဖ်ဘာတ်အသင်းသည် မန်ယူအသင်းနှင့် လမ်းခွဲထားသည့် ဝါရင့် ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

ကွင်းလယ်ကစားသမား အဲရစ်ဆင်သည် ကစားသမားဘဝ တစ်လျှောက်တွင် အေဂျက်စ်၊ စပါး၊ အင်တာမီလန်၊ ဘရန့်ဖို့ဒ်၊ မန်ယူ စသည့်အသင်းများတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဝုဖ်ဘာတ်အသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အဲရစ်ဆင်က "ကျွန်တော် ဝုဖ်ဘာတ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေရယူဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ယာပုံ) (NGB)



### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၂-၉-၂၀၂၅<br>သောကြာနေ့ | ညနေ ၃:၃၀ နာရီ | (၃) ဟံသာဝတီ - ဒဂုံပို့(၇)<br>(W,D) (W,L) | ဟံသာဝတီ ၄-၃ ဒဂုံပို့<br>ဒဂုံပို့ ၁-၂ ဟံသာဝတီ |
| ။ | ။ | (၁၀) မဟာ - ရာမည(၁၁)<br>(-,L) (L,L) | - |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | နံနက် ၁:၁၅ နာရီ | (၁၀) မာဆေး - လိုရီယန့် (၁၅)<br>(L,W,L) (L,W,L) | မာဆေး ၃-၁ လိုရီယန့်<br>လိုရီယန့် ၂-၄ မာဆေး ၂၀၂၄-၂၅ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | နံနက် ၁:၀၀ နာရီ | (၁၂) လေဗာကူဆင် - ဖရန့်ဖတ် (၂)<br>(L,D) (W,W) | လေဗာကူဆင် ၂-၁ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၁-၄ လေဗာကူဆင် |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃၊ ၄ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | နံနက် ၁:၃၀ နာရီ | (၂၀) အစ်ဆွစ်ချ် - ရှက်ဖီးလ် Utd(၂၄)<br>(D,D,L,D) (L,L,L,L) | အစ်ဆွစ်ချ် ၁-၁ ရှက်ဖီးလ်Utd<br>ရှက်ဖီးလ်Utd ၂-၀ အစ်ဆွစ်ချ် ၂၀၁၉-၂၀ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (ပွဲစဉ် ၁၊ ၂၊ ၃ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | နံနက် ၁:၃၀ နာရီ | (၁၂) ဆီဗီလာ - အယ်လ်ချီ (၇)<br>(L,L,W) (D,D,W) | ဆီဗီလာ ၃-၀ အယ်လ်ချီ<br>အယ်လ်ချီ ၁-၁ ဆီဗီလာ ၂၀၂၂-၂၃ |



# မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ကီလိုဝပ် ၄၀၀ ဆိုလာဓာတ်အားပေးစနစ် ဖွင့်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ကီလိုဝပ် ၄၀၀ ဆိုလာဓာတ်အားပေးစနစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကီလိုဝပ် ၄၀၀ ဆိုလာဓာတ်အားပေးစနစ် မှခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပန်းဖွားအဖွဲ့၊ ဒိုးပတ်ဝိုင်းအဖွဲ့များအား ဂုဏ်ပြုငွေများချီးမြှင့်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ကီလိုဝပ် ၄၀၀ ဆိုလာဓာတ်အားပေးစနစ်တွဲဖက် တပ်ဆင်ခြင်းလုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါလုပ်ငန်းဆောင်ရွက်ခဲ့သည့် Capacity Build Engineering Co., Ltd. မှ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆင်ပေါင်ဝဲမြို့နယ်၊ မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ စိုက်ပျိုးရေဖြင့် စိုက်ပျိုးထားသည့် ကွင်းအမှတ်(၄၃၂)ရှိ တောင်သူ ဦးစိုးအောင်၏ လယ်ယာမြေဧက ၁ ဒသမ ၈၂ ဧကတွင် အောင်နိုင်တိုး မိုးစပါးစိုက်ခင်း စိုက်ပျိုးဖြစ်ထွန်းမှုတို့ကို ကြည့်ရှုအားပေးကာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆင်ပေါင်ဝဲမြို့နယ်၊ မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်တွင် လုပ်ငန်းလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့သည့်ကုမ္ပဏီမှ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရေအရင်းအမြစ်)တာဝန်ရှိသူတစ်ဦးက ကီလိုဝပ် ၄၀၀ ဆိုလာဓာတ်အားပေးစနစ်တွဲဖက် တပ်ဆင်ခြင်းလုပ်ငန်း မှတ်တမ်းဖိုင်အား လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မိုးစပါးစိုက်တောင်သူများအား ဓာတ်မြေဩဇာသွင်းအားစုများကို ပေးအပ်ခဲ့ပြီး ဒေသခံတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ အဆိုပါကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ရွာခွဲတာဝန်ခံများထံသို့ ရုပ်သံလွှင့်စက်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၁**




မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၄၃လမ်းထောင့်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ရန်-မန်းလမ်း၊ မိုးထိအောင်စည်ရိပ်သာအရှေ့၊ ဘောလုံးကွင်းတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ထီးတန်းရပ်၊ ထီးတန်းပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉နာရီက လိုရာပြည့်စုံ ရန်မျိုးလုံမြတ်စွာဘုရားငါးဆူဝင်းအတွင်း ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အမှတ်(၁) ရဲကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲနှင့် ရဲကြောင်းရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး ကိုကိုနိုင် ဦးစီး၍ အရာရှိနှင့်အခြားအဆင့် တပ်ဖွဲ့ဝင် ၃၅ ဦးတို့က လိုရာပြည့်စုံ ရန်မျိုးလုံပေါ်တော်မူမြတ်စွာဘုရားငါးဆူဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေးအတွက် ပေါင်းမြက်များ၊ ချုံနွယ်များ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များအား ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

# မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေး

**မန္တလေး စက်တင်ဘာ ၁၁**

ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ လမ်း ၃၀ နှင့် ၃၁လမ်းကြား၊ ၇၇လမ်းနှင့်၇၈ လမ်းကြားရှိ ရွှေဘုံသာဘုရားဓမ္မာရုံတွင် ကျင်းပရာ မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ချမ်းအေးသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင် ဦးနန္ဒ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြသည်။ (ဝဲပုံ)



အခမ်းအနားတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးနန္ဒက မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မဲပေးစက်၏ လုပ်ဆောင်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အလားတူ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့်စမ်းသပ်မဲပေးခြင်းအခမ်းအနားကို နံနက် ၁၁ နာရီက ဟေမာဇလ ရပ်ကွက် ဆုတောင်းပြည့်မြတ်စွာဘုရားဓမ္မာရုံတွင်လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝင်း)

# မန္တလေးဒေသသို့ ပြည်တွင်းပြည်ပခရီးသွားများအတွက် ဟိုတယ်များနှင့် ခရီးစဉ်ဒေသများ ပြင်ဆင်ဆောင်ရွက်လျက်ရှိ

ပွင့်လင်းရာသီရောက်တော့မည်ဖြစ်၍ မန္တလေးဒေသသို့ ပြည်တွင်းပြည်ပ ခရီးသွားများ အဆင်ပြေစွာတည်းခိုရန်နှင့် လည်ပတ်နိုင်ရန် ဟိုတယ်များနှင့် ခရီးစဉ်ဒေသများ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

"ခရီးသွားဧည့်သည်တွေ အဆင်ပြေစွာ တည်းခိုနိုင်ဖို့ ဌာနဆိုင်ရာနဲ့ အသင်းအဖွဲ့တွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပြင်ဦးလွင်မြို့မှာဆိုရင်လည်း ရှေးဟောင်းအဆောက်အအုံတွေဖြစ်တဲ့အတွက် ရှေးမူမပျက် အထူးဂရုစိုက်ပြင်ဆင်ထိန်းသိမ်းနေပါတယ်"ဟု ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။



မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်များ၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားများအား ဆွဲဆောင်ရာနေရာများသို့ ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရေး၊ ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များနှင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးတို့အပြင် ငလျင်ကာလအလွန် ဟိုတယ်လုပ်ငန်းများ ပုံမှန်အတိုင်း အမြန်ဆုံး လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၉)**

# မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပုံမှန်ဆောင်ရွက်လျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်အဆောက်အအုံများ၊ သမဝါယမပိုင် အဆောက်အအုံများနှင့် စက်မှုဇုန်များတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုံခြုံစိတ်ချမှု(Safety) ဖြစ်စေရေးအတွက် ဌာနအနေဖြင့် သီးခြားစစ်ဆေးမှုများ လုပ်ဆောင်ပေးကြောင်း ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။

"စက်ရုံလုပ်သား၊ စက်ရုံအလုပ်ရုံ၊ ဓာတ်လှေကား၊ ရုပ်ရှင်ရုံ၊ ဟိုတယ်၊ မိုတယ်နဲ့ ပုဂ္ဂလိကဆေးရုံဆေးခန်း စသဖြင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ပါတယ်။ ဒါ့အပြင် ဓာတ်အားခွဲရုံ၊ အထူးစီးပွားရေးဇုန်တွေက စက်ရုံတွေကိုလည်း စစ်ဆေးတယ်။ လျှပ်စစ်ဆိုတာ အကျိုးပြုသလို ကိုင်တွယ်အသုံးပြုတဲ့အခါ စနစ်တကျနဲ့ ကျွမ်းကျင်သူများက ဆောင်ရွက်သင့်တယ်လို့ အကြံပြုချင်တယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက်(၃၉၃၉)ကြိမ် စစ်ဆေးဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း စက်ရုံတည်ဆောက်စဉ်က အင်ဂျင်နီယာများနှင့် သတ်မှတ်ထားသည့် အချက်အလက်များကို လိုက်နာဆောင်ရွက်ကြသဖြင့် အမှားအယွင်းနည်းကာ လျှပ်စစ်အန္တရာယ်ကင်းရှင်းမှုရှိသော်လည်း လုပ်ငန်းခွင်မှ လုပ်သားများ၏ ပေါ့ဆမှုကြောင့် မတော်တဆဓာတ်လိုက်မှု ဖြစ်စဉ်များ အနည်းငယ်တွေ့ရသည်။

"စက်ရုံတည်ဆောက်တယ်ဆိုကတည်းက သတ်မှတ်ထားတဲ့ အချက်အလက်တွေနဲ့ ဆောင်ရွက်ကြတာဖြစ်တဲ့အတွက် အမှားအယွင်းနည်းပါတယ်။တွေ့ရတာက ပေါ့ဆမှုကြောင့် ဓာတ်လိုက်မှုတွေဖြစ်ပြီး သေဆုံးမှု၊ဒဏ်ရာရမှုတွေဖြစ်ပေါ်တာမျိုးပါ။ စက်ရုံတွေ စစ်ဆေးတဲ့အခါ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးမှုတွေကို တစ်ပါတည်း ဆောင်ရွက်ကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



စစ်ဆေးမှုများ ဆောင်ရွက်ရာ၌ ပုံမှန်အားဖြင့် စက်ရုံအလုပ်ရုံများဖြစ်ပါက တစ်နှစ်လျှင် တစ်ကြိမ်နှင့် လိုအပ်ပါက သုံးကြိမ်အထိစစ်ဆေးကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် လျှပ်စစ်များ ပြတ်တောက်သွားသဖြင့် အရေးပေါ် ပြန်လည်သွယ်တန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀




# အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းနှင့် အခြေခံလျှပ်စစ်သံဂဟေ ဆက်ခြင်းနည်းပညာသင်တန်း(အခမဲ့) ဖွင့်လှစ်သင်ကြား

**မကွေး စက်တင်ဘာ ၁၁**

ဒေသတွင်းလူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နည်းပညာနှင့်သက်မွေးပညာရပ်များ သင်ယူနိုင်မှုအခွင့်အလမ်းများရရှိလာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေပြီး တစ်ဦးချင်း ဝင်ငွေပိုမိုမြင့်မားလာစေရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မကွေးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)တို့ပူးပေါင်း၍ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းနှင့် အခြေခံလျှပ်စစ်သံဂဟေဆက်ခြင်းနည်းပညာသင်တန်းများကို အဆိုပါကျောင်း၌ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက (အခမဲ့)ဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး)ကျောင်းအုပ်ကြီး ဦးခင်မောင်ညွန့်က ယခု ဖွင့်လှစ်သင်ကြားပေးမည့် သက်မွေးပညာရပ်ကာလတိုသင်တန်းများတွင် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့်သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး စက်တင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ခိုင်မင်း(ပြန်ဆက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်

**မောက်မယ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ အထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

**(ယာပုံ)**

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စုစုလင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစွမ်းရည်ထူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ သင်ကြားမည့်အစီအစဉ်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆရာနှင့် သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျေးရွာနစ်ရှာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ၊ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေများ သတ္တမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ညောင်ပင်ကြီးကျေးရွာနှင့် ရှမ်းရွာ ကျေးရွာတို့၌ ကျင်းပသည်။

ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာမှတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၉၅ ဒသမ ၂ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်ကြီးကျေးရွာနှင့် ရှမ်းရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၃ ဒသမ ၃၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃၂ ဦးကို ငွေကျပ် ၄၄ ဒသမ ၇၅သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၂သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅ ဒသမ ၁ သန်း၊ အသင်းသား၊ အသင်းသူ ၃၈၂ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၉၅ ဒသမ ၂ သန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) နော်လူး**



# နှစ်(၅၀)ပြည့် ရွှေရတု ၂၀၂၆ ခုနှစ် ပန်းရိုးမ ဓာတ်ပုံပြက္ခဒိန်နှင့် ပန်းချီပြက္ခဒိန်ထုတ်ဝေရေး တွေ့ဆုံဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် ပန်းရိုးမဓာတ်ပုံပြက္ခဒိန်နှင့် ပန်းချီပြက္ခဒိန်ထုတ်ဝေနိုင်ရေးညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၀ ရက် နံနက် ၉နာရီခွဲက မန္တလေးတောင်ပန်းချီပြခန်းတွင် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးထွန်းလှိုင်နှင့်အမှုဆောင်များ၊ မန္တလေးမြို့ရှိ ပန်းချီပညာရှင်များ၊ ဓာတ်ပုံပညာရှင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌက မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဖွဲ့စည်းသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ၂၀၂၆ ခုနှစ် ပန်းရိုးမဓာတ်ပုံပြက္ခဒိန်နှင့် ပန်းချီပြက္ခဒိန်ထုတ်ဝေနိုင်ရေး ဆွေးနွေးတင်ပြရန် ပြောကြားသည်။



ထို့နောက် တက်ရောက်လာသော ပန်းချီပညာရှင် ဦးစိန်မြင့်(ရွှေချည်ထိုး)၊ မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်၊ ဒေါ်ချိုချိုအောင်၊ ဓာတ်ပုံပညာရှင် ဦးကျော်ဝင်း(လှဂုဏ်ရည်)၊ ဦးသိန်းငွေမောင်နှင့် ပန်းချီပညာရှင်များ၊ ဓာတ်ပုံပညာရှင်များက ပြက္ခဒိန်အရွယ်အစားနှင့် ရှုခင်းဘာသာရပ်ခေါင်းစဉ်များ အကြံပြုဆွေးနွေးကြပြီး တင်ပြချက်များအပေါ် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၄၅)**

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## မုန်လာဥနီကပေးတဲ့ ကျန်းမာရေးကောင်းကျိုးများ

မုန်လာဥနီမှာ အမျှင်ဓာတ် ကြွယ်ဝစွာ ပါဝင်တာကြောင့် ဝမ်းချုပ်ခြင်းကိုမဖြစ်စေဘဲ ဝမ်းမှန်စေပါတယ်။ ဒါကြောင့် အူမကြီးကင်ဆာ ဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးပါတယ်။

မုန်လာဥနီကို ခါကြက်ဥလို့လည်း ခေါ်ကြပါတယ်။ အင်္ဂလိပ်လိုတော့ Carrot လို့ခေါ်ပါတယ်။

မုန်လာဥနီဟာ လူကိုကောင်းကျိုးများစွာပေးနိုင်တဲ့ ဟင်းသီးဟင်းရွက်အမျိုးအစားထဲက တစ်မျိုးဖြစ်ပါတယ်။ သူ့အရောင်က အနီရောင်ဖြစ်ပြီး အရသာမှာ ချိုပါတယ်။

မုန်လာဥနီကို ငါးပိရည်နဲ့တို့စားတာ၊ ပါးပါးလှီးပြီး ဒါမှမဟုတ် အတုံးလေးတွေတုံးပြီး အသားနဲ့ကြော်စားတာ၊ တခြားအသီးအရွက်နဲ့ ကြော်စားတာ၊ ဟင်းချိုချက်သောက်တာ၊ ရေညှိထမင်းလိပ်ထဲထည့်တာ၊ သုပ်စားတာ၊ နောက်ဆုံးဖျော်ရည်လုပ်သောက်တာအထိ အမျိုးမျိုး လုပ်စားကြပါတယ်။ ကျန်းမာရေးနဲ့ညီတဲ့ ဖျော်ရည်လုပ်သောက်တဲ့အခါမှာတော့ သကြားအစားထိုး ထုတ်ကုန်တစ်ခုခုကို ရွေးချယ်အသုံးပြုသင့်ပါတယ်။

မုန်လာဥနီက ဈေးလည်းသိပ်မကြီးတဲ့အတွက် အခြေခံလူတန်းစားကအစ စားသုံးနိုင်ပါတယ်။ မုန်လာဥနီဟာ မူလသဘာဝအမြေးပါးခွံဖြင့် ဖုံးအုပ်ထားသောကြောင့် သူ့ကိုစားမည်ဆိုပါက ရေသေချာဆေးပြီး အမြေးပါးခွံကို ခွာရပါမယ်။ ကာဘိုဟိုက်ဒရိတ်၊ ဆယ်လူလို့စ်၊ ဗီတာမင်အေ၊ ဘီ၊ စီ၊ ကယ်လ်ဆီယမ်ဓာတ်၊ သံဓာတ်၊ ဘီတာကယ်ရိုတင်းဓာတ်တွေ ကြွယ်ဝစွာပါပါတယ်။ မုန်လာဥနီမှာ အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်တာကြောင့် ဝမ်းချုပ်ခြင်းကိုမဖြစ်စေဘဲ ဝမ်းမှန်စေပါတယ်။ ဒါကြောင့် အူမကြီး ကင်ဆာဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချပေးပါတယ်။

သုတေသနတွေအရ မုန်လာဥနီကို မကြာခဏ ပုံမှန်စားသုံးပါက သွေးတွင်းက မကောင်းတဲ့ အဆီဓာတ်(ကိုလက်စထရော)ကို လျှော့နည်းလာစေနိုင်ပါတယ်။ ဒါကြောင့် အဆီများပြီး နှလုံးသွေးကြောကျဉ်းတာ၊ အသည်းအဆီဖုံးတာတွေ ဖြစ်ပွားမှုကို လျှော့နည်းစေပါတယ်။ သွေးတိုးရောဂါရှိတဲ့သူတွေ၊ သွေးအားနည်းရောဂါရှိတဲ့သူတွေဆို ပိုပြီးစားသုံးသင့်ပါတယ်။



နောက်ပြီး မုန်လာဥနီမှာ ကြွယ်ဝစွာပါတဲ့ ဘီတာကယ်ရိုတင်းဓာတ်ဟာ မျက်စိအမြင်အာရုံ ကြည်လင်ဖို့အတွက် များစွာ အထောက်အကူပြုပါတယ်။ ကြက်မျက်သင့်ရောဂါခံစားနေရသူတွေ၊ ကွန်ပျူတာနဲ့ အလုပ်လုပ်နေရတဲ့ သူတွေဆိုရင် မုန်လာဥနီများများ စားပေးသင့်ပါတယ်။ ဗီတာမင်စီလည်းကြွယ်ဝစွာပါဝင်တာကြောင့် ကိုယ်ခံအားကို ကောင်းစေပြီး အအေးမိတာ၊ ရောဂါပိုးဝင်ရောက်တာတွေ အလွယ်တကူမဖြစ်အောင် ကာကွယ်ပေးပါတယ်။

(Credit to internet)

**Daisy**

*-*-*-*-*



## ဝက်ခြံနဲ့ အဆီပြန်တဲ့ အသားအရေ ပိုင်ရှင်အမျိုးသားတွေအတွက် အဆီပြန်ခြင်းကို သက်သာစေမည့်နည်းလမ်း

အမျိုးသားတွေမှာ မျက်နှာအဆီပြန်တာနဲ့ ချွေးပေါက်ကျယ်တာတွေဟာ အမျိုးသမီးတွေထက် ပိုဖြစ်လေ့ရှိပြီး အခန့်မသင့်၊ ဂရုမစိုက်မိရင် အရေပြားမှာ ဝက်ခြံပေါက်တာမျိုးအထိ ဖြစ်နိုင်ပါတယ်။ အမျိုးသားတွေမှာ ရှိတဲ့ Testosterone လို့ခေါ်တဲ့ ဟော်မုန်းဟာ မျက်နှာမှာ အဆီဖန်တီးပေးတဲ့အတွက် ဘက်တီးရီးယားတွေပေါက်ပွားစေပါတယ်။အဲ့ဒီကနေမှတစ်ဆင့် မျက်နှာမှာချွေးပေါက်တွေပိတ်ဆို့ပြီး ဝက်ခြံအစုလိုက် ကွဲထွက်ခြင်းကိုဖြစ်စေပါတယ်။ ဒီလိုတွေ ဖြစ်နိုင်ပေမယ့်လည်း အချို့အမျိုးသားတွေဟာ မျက်နှာကို ဂရုစိုက်ဖို့နဲ့ Skin Care ပစ္စည်းတွေသုံးဖို့ ဦးစားမပေးကြပါဘူး။

ယောကျ်ားလေးတွေရဲ့ မျက်နှာပေါ်မှာရှိတတ်တဲ့ အညစ်အကြေး၊ အဆီနဲ့ချွေးတွေကို ဖယ်ရှားဖို့ဆို သူတို့ရဲ့အသားအရေနဲ့ တည့်ပြီး အရည်အသွေးကောင်းတဲ့ မျက်နှာသစ်ဆေးနဲ့ တစ်နေ့ကို အနည်းဆုံး နှစ်ကြိမ်လောက် သစ်ဖို့လိုအပ်ပါတယ်။ အဲ့ဒီလိုပြုလုပ်ပေးမယ်ဆိုရင် ချွေးပေါက်ပိတ်ဆို့တာတွေ ဝက်ခြံထွက်တာတွေကိုလည်း လျှော့ကျစေပါတယ်။ သူ့အသားအရေက အဆီပြန်တတ်တဲ့ အသားအရေ ဒါမှမဟုတ် ဝက်ခြံထွက်တတ်တယ်ဆို အဲ့ဒါတွေအတွက် အထူးသီးသန့်ထုတ်ထားတဲ့ မျက်နှာသစ်ဆေးတွေကိုပဲ သုံးပေးသင့်ပါတယ်။

မျက်နှာအဆီပြန်တတ်တဲ့ ယောကျ်ားလေး တော်တော်များများဟာ Moisturizer သုံးရင် ပိုပြီးအဆီပြန်တတ်တယ်လို့ထင်ကြပြီး မလိမ်းတတ်ကြပါဘူး။ ဒါပေမဲ့ ဘယ်လိုပဲ အဆီပြန်တဲ့မျက်နှာဖြစ်ပါစေ Moisturizer က အသားအရေကို အစိုဓာတ်ပေးပြီး ထိန်းသိမ်းဖို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ အမျိုးအစားရှာတဲ့အခါ ချွေးပေါက်တွေကို မပိတ်ဆို့စေဘဲ အဆီမပါတဲ့ Lightweight Moisturizer ကို ရှာဖွေပြီးသုံးပါ။

မျက်နှာချေး(ဂျေး)ချွတ်ပေးခြင်းဟာလည်း အရေပြားဆဲလ်သေတွေကို ဖယ်ရှားပေးတဲ့အပြင် ချွေးပေါက်တွေကို မပိတ်ဆို့စေဘဲ အသားအရေကိုပိုပြီး ကောင်းစေတဲ့နည်းတစ်မျိုးပါ။အဆီပြန်တတ်တဲ့အသားအရေရှိတဲ့ အမျိုးသားတွေဆို နူးညံ့တဲ့ Scrub ဒါမှမဟုတ် Exfoliating Tool ကို သုံးပြီး တစ်ပတ်ကို တစ်ကြိမ် ဒါမှမဟုတ် နှစ်ကြိမ်ချေး(ဂျေး) ချွတ်ပေးသင့်ပါတယ်။ အလွန်အကျွံလုပ်မိရင်တော့ အရေပြားကို ထိခိုက်စေနိုင်တဲ့အတွက် သတိထားကြဖို့အကြံပြုလိုက်ပါတယ်။

**Daisy**

## တစ်လအတွင်း မျက်တောင်ထူပြီး ရှည်လာစေမည့်နည်းလမ်းများ

မျက်တောင်ရှည်ရှည်လေးတွေက မျက်ဝန်းအလှကိုပိုပေါ်လွင်စေပြီး ဆွဲဆောင်မှုရှိစေတာကြောင့် မိန်းကလေးတိုင်းလိုချင်ကြပါတယ်။ တချို့က ပင်ကိုယ်မျက်တောင်မွေးထူပြီး ရှည်တဲ့အပြင် သဘာဝအတိုင်းကော့ညွတ်နေတာမျိုးတွေ ရှိတတ်ပေမယ့် အများအားဖြင့်တော့ မျက်တောင်မွေး မရှည်ကြပါဘူး။ ဒါကြောင့် မျက်ဝန်းအလှ ထင်ပေါ်စေဖို့အတွက် မျက်တောင်ကော့ဆေး၊ မျက်တောင်ဆက်တာတွေနဲ့ မျက်တောင်ကောက်တာတွေကို ငွေကုန်ကြေးကျခံပြီး လုပ်နေကြတာဖြစ်ပါတယ်။ မျက်တောင်မဆက်၊မစိုက်ဘဲနဲ့ သဘာဝအတိုင်း မျက်တောင်ထူပြီးရှည်လာစေမယ့် နည်းလမ်းကို မျှဝေပေးလိုက်ပါတယ်။



(၁)မျက်တောင်မွေးထူပြီး ရှည်လာစေဖို့အတွက် ကြက်ဆူဆီ၊ အုန်းဆီ၊ သံလွင်ဆီတွေကို မျက်တောင်မွေးဖြီးတဲ့ Brush (သို့မဟုတ်)နားကျပ်ဂွမ်းတံနဲ့ယူပြီး ညအိပ်ရာမဝင်ခင်မှာ မျက်တောင်ပေါ် လိမ်းပေးခြင်းဖြင့် တစ်လလောက်ကြာရင် မျက်တောင်မွေးတွေ သိသိသာသာရှည်လာစေမှာပါ။

(၂) မျက်တောင်တွေကို မျက်တောင်မွေးဖြီးတဲ့ Brush (သို့မဟုတ်) မျက်တောင်ကော့တဲ့ Mascara Brush လေးတွေကို သန့်စင်ပြီး တစ်နေ့နှစ်ခေါက်ဖြီးပေးပါ။ မျက်တောင်အားဖြည့်ဆီ (သို့မဟုတ်) ဗီတာမင်အီးကိုယူပြီး မျက်တောင်မွေးကို တစ်နေ့နှစ်ကြိမ်ဖြီးပေးခြင်းဖြင့် သွေးလည်ပတ်မှုကောင်းစေပြီး မျက်တောင်ကြီးထွားမှုကို လှုံ့ဆော်ပေးပါတယ်။

(၃) အာဟာရဓာတ်ချို့တဲ့လျှင် ဆံပင်နဲ့မျက်တောင်မွေးတွေကို ကျွတ်စေပါတယ်။ ဒါကြောင့် မျက်တောင်မွေးထူပြီးရှည်ချင်တယ်ဆိုရင်တော့ ပရိုတင်း၊ ဗီတာမင်အုပ်စုနဲ့ဖက်တီးအက်ဆစ် ကြွယ်ဝတဲ့ အစားအသောက်တွေ ဖြစ်တဲ့ အသား၊ ငါး၊ ကြက်ဥ၊ အစေ့အဆန်နဲ့ အသီး၊ အရွက်တွေကို များများစားပေးပါ။

(၄) ရေစိုခံ၊ ချွေးစိုခံတဲ့ Waterproof Mascara တွေက သုံးလို့ကောင်းပေမယ့် မိတ်ကပ်ဖျက်တဲ့အခါမှာ သေချာဖျက်ပေးဖို့အရေးကြီးပါတယ်။ ဖျက်တဲ့အခါမှာလည်း အတင်းပွတ်ဖျက်တာမျိုးမလုပ်ဘဲ မိတ်ကပ်ဖျက်ဆေးရည်၊အဆီကိုသုံးပြီး ညင်ညင်သာသာဖျက်ပေးပါ။သေချာမဖျက်ဘူးဆိုရင် မျက်တောင်တွေ ကျွတ်စေပါတယ်။

**Daisy**

## ဗိုက်ချပ်ဘောင်းဘီ (Shapewear) ဝယ်တဲ့အခါ ထည့်စဉ်းစားရမည့်အချက်များ

ကိုယ်ကျပ်အင်္ကျီ၊ မြန်မာဝတ်စုံ၊ ကိုယ်လုံးပေါ်အဝတ်အစားတွေဝတ်တဲ့အခါမှာ ကိုယ်လုံးပေါ်ပြီး ချပ်ချပ်ကပ်ကပ်နဲ့ ခန္ဓာကိုယ်အလှပေါ်လွင်စေမယ့် ဗိုက်ချပ်ဘောင်းဘီ၊ ကိုယ်ကျပ်အကျီ (Shapewear)တွေ ဝတ်တဲ့အခါမှာ ခန္ဓာကိုယ်အချိုးအစား၊ အပေါ်ကနေဝတ်ရမယ့် အဝတ်အစားပေါ်မူတည်ပြီး Shapewear တွေကို ရွေးချယ်ဝတ်ဆင်တတ်ဖို့ကလည်း အရေးကြီးပါတယ်။ ဒါကြောင့် ကိုယ့်ခန္ဓာကိုယ်အချိုးအစားနဲ့အဆင်ပြေစေမယ့် Shapewear တွေ ဝယ်တဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) ခါးကိုသွယ်စေပြီး ဗိုက်ကိုချပ်စေချင်တာဆိုရင်တော့ ခါးမြင့် (High Waist) ပုံစံထုတ်ထားတဲ့ ဗိုက်ချပ်ဘောင်းဘီ(Shapewear) ကို ရွေးချယ်ဝယ်ယူပါ။ ခါးသွယ်ဖို့အဓိကထုတ်ထားတာဖြစ်လို့ နေ့တိုင်းဝတ်လို့လည်း အဆင်ပြေပါတယ်။

(၂) ပေါင်နဲ့တင်အလှကို ပေါ်စေတဲ့ ဘောင်းဘီနဲ့စကတ်တွေဝတ်တဲ့အခါ အံဝင်ခွင်ကျဖြစ်စေဖို့နဲ့ ပေါင်တံသွယ်လျစေဖို့ ပေါင်ထိရှည်တဲ့ ဘောင်းဘီ (Tigh-Shaping) အမျိုးအစားကို ရွေးချယ်ဝတ်ဆင်နိုင်ပါတယ်။

(၃) လုံးဝန်းတဲ့တင်သားကို လိုချင်တယ်ဆိုရင်တော့ ခန္ဓာကိုယ်ကောက်ကြောင်းကိုပေါ်စေပြီး တင်အတွက်အဓိကထုတ်ထားတဲ့ (Shapewear)ကို ကိုယ်လိုချင်တဲ့ ပုံစံ၊ အထူ ၊ အဝိုင်းပုံစံကို ရွေးချယ်ပါ။

(၄) ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုချင်းစီအတွက်မဟုတ်ဘဲ ခန္ဓာကိုယ်တစ်ခုလုံးအတွက် တစ်ခုတည်းဝတ်ချင်တာဆိုရင်တော့ ရင်သားကိုပင့်တင်ပေးပြီး လုံးဝန်းတဲ့တင်သားနဲ့ ခန္ဓာကိုယ်ကောက်ကြောင်းကိုပေါ်စေတဲ့ (All-over Shapewear ) အမျိုးအစားကို ရွေးချယ်နိုင်ပါတယ်။

**Daisy**



## စားအုန်းဆီများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး ကြပ်မတ်စစ်ဆေး

**ဆင်ပေါင်ဲ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဲမြို့နယ် အတွင်း စားအုန်းဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်ဆီ (စားအုန်းဆီ)နှင့် အဆင့်မြင့်စားအုန်းဆီတို့တွင် ကုန်စည်၏ အမျိုးအမည်နှင့် အလေးချိန်တို့အား မြန်မာဘာသာဖြင့် ရေးသားဖော်ပြခြင်းရှိ၊ မရှိ၊ စားအုန်းဆီများဈေးနှုန်းမြှင့်တင်ရောင်းချခြင်း ရှိ၊ မရှိတို့အား စက်တင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီက ဆင်ပေါင်ဲမြို့ မြို့မဈေး အတွင်း၊ အပြင်ရှိ ဆီဆိုင်များသို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

ထိုသို့ ကြပ်မတ်စစ်ဆေးရာတွင် မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာန တာဝန်ခံ ဦးစိုးမှူး ဦးနိုင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဲ)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မြန္မာလေး

## သချ်ာစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မိုင်းတုံ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကလေးသူငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ စက်တင်ဘာ ၉ ရက် ညနေပိုင်းက မိုင်းတုံမြို့ လူထုအခြေပြုဗဟိုဌာန (CC)ခန်းမ၌ သချ်ာစွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။**(အောက်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က ကလေးများအား ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများကို ဟောပြောခဲ့ပြီး ပြိုင်ပွဲများ ကျင်းပသည်။

ထို့နောက် ဆုရရှိသည့် ကလေးငယ်များနှင့် ပါဝင်ယှဉ်ပြိုင်ကြသော ကလေးငယ်များကို ဆုကြေးငွေနှင့် မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**ကွန်ဟိန်း စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ (ဝိန်းနန်း)အခြေခံပညာမူလတန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲအား စက်တင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သဲမာက လူငယ်များ မိမိအသိပညာစွမ်းရည်များ တိုးတက်မြင့်မားအောင် စာအုပ်၊ စာပေများကို လေ့လာဖတ်ရှုဖို့လိုအပ်ကြောင်း၊ စာအုပ်၊ စာစောင်များဖတ်မှ အသိပညာ ဗဟုသုတတိုးပွားမည်ဖြစ်ကြောင်း၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ပြီး စာအုပ်၊ စာပေများမှ ရရှိလာတဲ့ အသိပညာဗဟုသုတများနဲ့ မိမိရဲ့ဘဝကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒေါ်မြတ်မွန်ဖြိုးက အားကစားနည်း လေးမျိုးအကြောင်းနှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရန်အတွက် ကိုယ်လက်လှုပ်ရှားအားကစားသည်လည်း အရေးကြီးကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ခြင်းလုံး လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့။

## ရွှေအဆင်းသတဲ့ တော်သလင်းလ

* လေသဘင် ကျင်းပန္တဲ့လို့
ရွှင်ပျော်ကဲ ခြိမ့်ခြိမ့်ညံ။
မြစ်အတွင်းမယ် ဖောင်ဖွဲ့ခင်း
သစ်ဆင်းပွဲခံ။
ခတ္တာပန်းရဲ့ ပွင့်လှာဟန်
ကကြိုးမှန် မင်းသမီးအလား။
စည်း၊ ဝါးအသံ ထပ်တူကျရယ်နဲ့
လှရက်ပုံအား။

* တို့မျိုးဆွေ အဘိုး၊ အဘွားတို့
ဆိုစကား ကြားယောင်သည်။
ကန်ရာသီ တော်သလင်း
နေ လ ဝင်းကြည်။
ဘဒြပိုဒ် နက္ခတ်မည်
တာရာတည် ဖျိုင်းတို့လွှမ်း။
မြန်မာသက္ကရာဇ် ခြောက်လမြောက်လို့ရယ်
တောက်ပတင့်ဆန်း။

* ဘုရား စေတီ ကျောင်းတို့ အရောက်လှမ်းလို့
သီလထမ်း ဆောက်တည်စေ။
နှောင်းသံသရာ မှန်းဆရှု
ကုသိုလ်ပြုလေ။
သွန်းဖြိုးကဲတဲ့ မိုးစက်တွေ
ဆွတ်ဖျန်းပေ ပုလဲတမျှ။
လယ်ကွင်းပြင်ထက် စပါးခင်းတို့ကို
ရွှေရောင်အဆင်းသ။ ။

**သူ့ထက်ဆန်း(မန္တလေး)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသခြင်း ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ချောက်ကြား)သို့ သွားရောက်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ နံရံကပ်စာစောင်ပြသရာတွင် လူကုန်ကူးမှုပြသနာ၏ နောက်ခံသမိုင်း၊ လူကုန်ကူးမှု ပေါ်ပေါက်လာပုံ အကြောင်းအရာများ၊ လူကုန်ကူးမှုဖြစ်ပွားပုံ၊ လူကုန်ကူးသူ၏ ထင်ရှားသော အင်္ဂါရပ်များ၊ လူကုန်ကူးခံရသူတစ်ဦး တွေ့ကြုံရမည့် ဆင်းရဲဒုက္ခများ၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ပိုစတာများ၊ ကာတွန်းများကို ပြသခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(မိသနိုးမြေ)**



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၆ ဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။

## လွှဲပြောင်းပေးအပ်

ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၃ ဦးနှင့် တောင်အာဖရိကနိုင်ငံသားသုံးဦး စုစုပေါင်းပြည်ပနိုင်ငံသား ၃၆ ဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးသည်။



ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံသံရုံးမှ First Secretary Mr.Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၀ ကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး ဖမ်းဆီးရမိ

**ဘီးလင်း စက်တင်ဘာ ၁၁**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်နှင့် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်၊ဘီးလင်းမြို့နယ် ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအနီးတွင် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြဝတီမြို့နယ်၊(၅)ရပ်ကွက်နေ မင်းမင်းစိုး (၃၃)နှစ် မောင်းနှင်ပြီး သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်နေ ဂျူနီယာပြုံးစိန်(၂၉)နှစ် လိုက်ပါလာသော SHN-18/7L----အဖြူရောင်ယာဉ်အား စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မင်းမင်းစိုးပါနှစ်ဦးအား ဘီးလင်းမြို့မရဲစခန်း၌လည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နမ္မတီးမြို့၊ မြို့ဦးရပ်ကွက်၊ ကျားပြောင်းဆီဆိုင်လမ်းဆုံအနီးတွင် မော်တော်ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် မိုးကောင်း-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတိုင်း မိုးကောင်းမြို့မှ မြစ်ကြီးနားမြို့ဘက်သို့ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးကွက်သစ်ရပ်ကွက်နေ ဇင်မောင်မောင်လွင်(၄၅)နှစ် မောင်းနှင်လာသည့် YGN-21/2F---- TOYOTA CROWN မော်တော်ယာဉ်နှင့် တနိုင်းမြို့၊ တာယာသစ်ရပ်ကွက်နေ အောင်ပိုင်(၃၂)နှစ်မောင်းနှင်လာသည့် YGN-33/3E---- TOYOTA SUCCEED မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇင်မောင်မောင်လွင်နှင့်အောင်ပိုင်တို့နှစ်ဦးအား နမ္မတီးနယ်မြေရဲစခန်း၌လည်းကောင်း ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ဓားကိုင်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီး

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်နှင့် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်တို့၌ ဓားဦးချွန်ကိုင်ဆောင်သွားလာသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၇ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဈေးကုန်းကျေးရွာနှင့် ကျွန်းဦးကျေးရွာကြား လမ်းဘေးကုက္ကိုပင်အောက်တွင် အမျိုးသားတစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ဈေးကုန်းကျေးရွာနေ ဖုန်းမြင့်(၄၅)နှစ်ဖြစ်ပြီး ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ အရိုး၊အသွား ၁၀လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းအား လည်းကောင်း၊ အလားတူ စက်တင်ဘာ ၈ ရက် နံနက် ၂ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် လားရှိုးမြို့၊ သံလွင်ရပ်ကွက်၊ ရွှေညောင်ပင်လမ်းသွယ်(၁) အရောက်၌ အဆိုပါရပ်ကွက်နေ လောက်ချော(၄၀)နှစ်အား အရိုး၊အသွား ၃၂ လက်မခန့်ရှိ ဓားရှည်တစ်ချောင်းဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ဖုန်းမြင့်နှင့် လောက်ချောတို့နှစ်ဦးအား သက်ဆိုင်ရာရဲစခန်းများ၌ လက်နက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စက်တင်ဘာ ၉ ရက် နံနက် ၁၀နာရီခွဲက ဆီဆိုင်မြို့နယ်၊ လွယ်ပွတ်ကျေးရွာအနီး၊ ဆိုက်ခေါင်-မောင်မယ်သွားကားလမ်းတွင် ခွန်မောင်ကံ(ခ)သိန်းဇော် မောင်းနှင်ပြီး မနန်းဗွာ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ခွန်မောင်ကံ(ခ)သိန်းဇော်(၂၉)နှစ်နှင့် မနန်းဗွာ(၄၄)နှစ်တို့အား ဘန်းယဉ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ခြင်ဆေးခွေမီးထွန်းရာမှ မီးလောင်မှုဖြစ်ပွား

**ကျောက်ဆည် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ တောင်နောက်ကျေးရွာတွင် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ခြင်ဆေးခွေမီးထွန်းရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်ဆည်မြို့နယ်၊ တောင်နောက်ကျေးရွာ ဒေါ်---၏ ခြေတန်ရှည်အိမ်သွပ်မိုး၊ ထရံကာ၊ ဝါးခင်းသုံးပင်နှစ်ခန်းအတွင်း ခြင်ဆေးခွေမီးထွန်းထားရာမှ စတင်မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာသို့ ကျောက်ဆည်ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးစောလွင်အေး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဒုရဲမှူးဝင်းနိုင်၊ ဒုရဲအုပ် တင်ဇာလင်းဦးစီး၍ မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။



(ဝဲပုံ)

စုစုအေး(ကျောက်ဆည်)

# ဂုဏ်တော်ကွန်ချာနှင့် ဟံသာဂီရိချောင်

## မန်းမြေမှ ပန်းသပြေ

ယနေ့ နံနက် အချိန်အနည်းငယ် အားလပ်နေသည်မို့ စာဖတ်ရန် စီစဉ်နေမိသည်။ လုပ်စရာများ အားလပ်ပြီဆိုလျှင် စာဖတ်ဖို့၊ စာရေးဖို့သာ စဉ်းစားနေတတ်သည်မှာ ကျွန်တော့်ဝါသနာပါ။ လွန်ခဲ့သည့်နှစ်များက အတွေ့အကြုံများကို မှတ်သားထားသည့် မှတ်တမ်းစာအုပ်ကို တွေ့ရသဖြင့် ထိုစဉ်ကအကြောင်းများကို သတိရသွားပါသည်။

ဟိုးလွန်ခဲ့သည့် အနှစ်(၂၀)လောက်ကပေါ့။ ကျွန်တော်၏မိတ်ဆွေ ဦးခင်မောင်ကျော်နှင့် ဒေါ်မူလေးတို့ ဖိတ်ကြားချက်ကြောင့် စစ်ကိုင်းတောင်ရှိ ဟံသာဂီရိ ပရိယတ္တိစာသင်တိုက်ကို ပထမဆုံးအကြိမ် ရောက်ဖြစ်ခဲ့ပါသည်။ နှစ်စဉ် ထိုရက်တွင် ဆွမ်းပဒေသာပင်အလှူရှင်ဖြစ်သဖြင့် ဆွမ်းလာကပ်ကြခြင်းပါ။ သူတို့မိသားစုအပြင် ဦးသော်တာ၊ ကျွန်တော်၊ ဦးဝင်းရွှေ၊ ဦးတင်မောင်ညွန့်တို့လည်း ပါလာကြသည်။ ကျွန်တော်တို့အားလုံး တစ်ရက်ကြိုရောက်ကြရသည်။ နောက်နေ့တွင် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ်ကြသည်။ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းကပ်လှူရန် အရုဏ်မှာရော နေ့မှာပါ သံဃာတန်းအား ဆွမ်းလောင်းခြင်းကဏ္ဍ ဆောင်ရွက်ကြရသည်။ သပိတ်ကိုယ်စီလွယ်လျက် သံဃာအပါး ၂၀၀ ခန့် ဆွမ်းခံသံဃာတန်း ကြွလာသောအခါ လွန်စွာမှ ကြည်ညိုစရာကောင်းလှပါသည်။ ဆွမ်းစားကျောင်းပေါ်သို့ရောက်လျှင် နေရာရွေးစရာမလို ဝါစဉ်အလိုက် စနစ်တကျတန်းစီ၍ ထိုင်တော်မူကြသည်။ မည်သည့်အသံမှမကြားရအောင်လည်း ငြိမ်သက်စွာ သီတင်းသုံးနေတော်မူကြသည်။ ထို့နောက် သံဃာတော်အားလုံး ပြိုင်တူမေတ္တာပို့ကြသည်။ ဆွမ်းမစားမီ ဝိနည်းနှင့်အညီ ဆွမ်းဆင်ခြင်ကြသည်။ ဤမြင်ကွင်းသည် တစ်မူထူးခြားနေသဖြင့် ကုသိုလ်ရှင်များ သဒ္ဓါတရားတိုးပွားကြရသည်။ သံဃာတော်များ၏ ပြိုင်တူစုပေါင်းမေတ္တာစွမ်းအားကြောင့် ကုသိုလ်ရှင်အပေါင်းကြက်သီးများပင် ဖျန်းဖျန်းထလျက် နှလုံးစိတ်ဝမ်း အေးချမ်းကြရသည်။ ဆွမ်းဘုဉ်းပေးပြီးလျှင် စနစ်တကျတန်းစီ၍ ပြန်ကြွကြသည်။ ဝေယျာဝစ္စဆောင်ရွက်သော သံဃာတော်များသည်လည်း အလှည့်ကျဆောင်ရွက်ကြရသည်။ ဟံသာဂီရိချောင် ဆွမ်းခံချိန်ရောက်ဖူးကြသူများသည် နောက်ထပ်လာလိုစိတ် ဖြစ်ပေါ်မည်မှာ ဧကန်ပါ။

ထိုအချိန်က စစ်ကိုင်းတောင်ရိုး ဟံသာဂီရိချောင် ပရိယတ္တိစာသင်တိုက်၏ အကြီးအမှူးဆရာတော်မှာ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ တိုင်းသံဃနာယကဥက္ကဋ္ဌ (ရွှေကျင်) အရှင်ဘဒ္ဒန္တနန္ဒဝံသဆရာတော်ဖြစ်ပါသည်။ ဆရာတော်သည် ၁၃၁၇ ခုနှစ်တွင် 'ဓမ္မာစရိယစာချတန်း'ကို အောင်မြင်တော်မူပြီးသည်မှစ၍ စာပေသင်ကြားပို့ချလာခဲ့ပါသည်။ တရားဟောဓမ္မကထိကမဟုတ်ပါ။ စာချဆရာတော်တစ်ပါးသာဖြစ်ပါသည်။ ထို့ကြောင့်လည်း အလှူဒါနများဖြင့် ပြည့်စုံကြွယ်ဝမှုမရှိခဲ့ပါ။ သို့သော်လည်း ဆရာတော်သည် 'ပါရာဇိကဏ်၊ သီလက္ခန်၊ အဋ္ဌသာလိနီ'ဆိုသော ကျမ်းရင်းသုံးကျမ်းနှင့် ပဋ္ဌာန်းစာဝါကို တစ်နေ့သုံးကြိမ် ပို့ချခဲ့သည်။ ယခင်ကဆိုလျှင် ဟံသာဂီရိချောင်သည် ထန်းလက်တဲကျောင်းမျှသာ ဖြစ်ပါသည်။ ဆရာတော်နှင့်အတူ သဲကုန်းသီတဂူဆရာတော်ပါ တွဲဖက်သာသနာပြု၍ စာဝါချပေးတော်မူဖူးသည်။ ဟံသာဂီရိချောင်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူသည်။ ထို့ကြောင့် စစ်ကိုင်းတိုင်း သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်) တာဝန်ထမ်းဆောင်တော်မူရသည်။ ဆရာတော်သည် တပည့်ဒါယကာ၊ ဒါယိကာမများထံမှ အကြောင်းတစ်စုံတစ်ရာပြော၍ အလှူခံလေ့မရှိပါ။ ကုသိုလ်ရှင်များ၏ ဆန္ဒကိုသာ ဖြည့်ဆည်းဆောင်ရွက်ပေးလေ့ရှိပါသည်။

နောက်နေ့တွင် ဆရာတော်နှင့် တွေ့ဆုံဖူးမြင်ရပြီး ဆရာတော်၏ မိန့်ကြားစကားမှတ်သားစရာများကို နာကြားရသည်မှာ ကြည်ညိုစရာပါ။ ယခင်ကဆိုလျှင် ဟံသာဂီရိချောင်သည် သံဃာတော် ၁၇ ပါးနှင့် စတင်ခဲ့ရပြီး ယခုဆို သံဃာတော်အပါး ၂၀၀ နီးပါး ရှိနေပြီဟု ဆိုပါသည်။

ဆရာတော်မိန့်ကြားသည်မှာ ထန်းလက်တဲကျောင်းမှ တိုက်ကျောင်းအဖြစ် ရောက်ရှိလာအောင် စွမ်းဆောင်သူမှာ ဂုဏ်တော်ကွန်ချာပင် ဖြစ်သည်ဟု ဆိုပါသည်။ စိတ်ဝင်စားလာသည်မို့ ဆရာတော်အား မေးလျှောက်သည့်အခါ ဆရာတော်သည် ငယ်စဉ်ကာလ ကိုရင်ဘဝမှစပြီး ဂုဏ်တော်ကွန်ချာကို ယနေ့ထက်တိုင် ယုံယုံကြည်ကြည်နှင့် စွဲစွဲမြဲမြဲ ပုတီးစိပ်၍ ပူဇော်ခဲ့ခြင်းကြောင့်ဟု မိန့်ကြားပါသည်။ ထို့နောက်မှာတော့ ဆရာတော်ဖြစ်စဉ်နှင့် ဂုဏ်တော်ကွန်ချာ ပုတီးစိပ်သည့် အတွေ့အကြုံကို အသေးစိတ် ပြည့်ပြည့်စုံစုံ ရှင်းပြပါသည်။

ဆရာတော်သည် ၁၃၃၉ ခုနှစ်က အနီးစခန်းဆရာတော်ကြီး၏ ပုံတော်ကိုထုလုပ်ပူဇော်ရန် မုံရွာမြို့သို့ ခရီးထွက်ခဲ့ပါသည်။ ချောင်းဦးမြို့အလွန်မှာ ဆရာတော်ကြီးတစ်ပါးနှင့် ဆုံခဲ့ရာ ထိုဆရာတော်ကြီးက ပုတီးစိပ်နည်းတစ်ခု ချီးမြှင့်ခဲ့ပါသည်။ ထိုစိပ်နည်းသည် ဆရာတော်ငယ်စဉ်က စိပ်လာခဲ့သော နည်းအတိုင်းပင်ဖြစ်သော်လည်း ကျင့်စဉ်ပိုင်းတွင် ထူးခြားသည်ဟု ဆိုပါသည်။ ဒီနည်းကို ဒကာကြီးတို့ စိပ်ကြည့်ပါ။ စိပ်ကြည့်ရင် ကိုယ်တိုင်ကောင်းကျိုးထူးတာတွေ ခံစားရပါလိမ့်မယ်ဟုလည်း မိန့်ကြားပါသည်။ ဂုဏ်တော်ကွန်ချာပုတီးစိပ်နည်းကို အနည်းငယ်မျှ ဖော်ပြရလျှင် ထိုပုတီးစိပ်နည်းတွင် အဆင့်(၅)ဆင့် ရှိပါသည်။

### (က) ပထမအဆင့်

ပထမဦးစွာ မြတ်စွာဘုရားရှင်အား ဆွမ်းနှင့် ခဲဖွယ်ဘောဇဉ်၊ ရေချမ်း၊ ဆီမီး၊ ပန်း၊ အမွှေးနံ့သာတို့ကို ကပ်လှူပူဇော်ပါ။ ငါးပါး၊ ရှစ်ပါး စသည့် သီလဆောက်တည်ပါ။ ထို့နောက် မြတ်ဘုရားဟောကြားတော်မူသည့် ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်ကို ရည်မှန်း၍ ဂုဏ်တော်အကြိမ်ပေါင်း (ရှစ်သောင်းလေးထောင်)ရွတ်ပွားပူဇော်ပါမည်ဟု အဓိဋ္ဌာန်တင်ရပါမည်။ ပုတီးအပတ်ရေ မဟုတ်ပါ။ ဂုဏ်တော်တစ်ပါးစီ ပုတီးစိပ်နည်းမျိုး မဟုတ်ပါ။ ဂုဏ်တော်များပေါင်း၍ ပုတီးစိပ်နည်းမျိုးလည်းမဟုတ်ပါ။ ဂုဏ်တော်ကွန်ချာပုတီးစိပ်နည်းသာ ဖြစ်ပါသည်။

### ဂုဏ်တော်(၉)ပါး

အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ဘဂဝါ။

ဂုဏ်တော်ကွန်ချာ ပုတီးစိပ်ရန်အကြောင်းရှင်းပြရာ၌ လွယ်ကူစေရန် ဂုဏ်တော်ကိုးပါးကို အတိုကောက်အဖြစ် (အ၊ သမ္မာ၊ ဝိ၊ သု၊ လော၊ အနု၊ သတ္ထာ၊ ဗု၊ ဘ)ဟူ၍ အမှတ်အသားပြုလိုပါသည်။

### ဂုဏ်တော်ကွန်ချာ ပုတီးစိပ်ပုံ

ပထမဦးစွာ အရဟံဂုဏ်တော်ကို ပုတီးတစ်ပတ်စိပ်ပါ။ ထို့နောက် အောက်ဖော်ပြပါအတိုင်း စိပ်လျှင် ပုတီးလုံးပေါင်း ၁၀၈ လုံးဖြစ်၍ ပုတီးတစ်ပတ်သာရှိမည်။

| | |
|---|---|
| (၁) အ၊ သမ္မာ၊ ဝိ၊ သု၊ လော၊ အနု၊ သတ္ထာ၊ ဗု၊ ဘ | အသွားပုတီး (၉)လုံး |
| ဘ၊ ဗု၊ သတ္ထာ၊ အနု၊ လော၊ သု၊ ဝိ၊ သမ္မာ၊ အ | အပြန်ပုတီး (၉)လုံး |
| (၂) အ၊ အ | အသွား၊အပြန် (၂)လုံး |
| (၃) အ၊ သမ္မာ/သမ္မာ၊ အ | အသွား၊အပြန် (၄)လုံး |
| (၄) အ၊ သမ္မာ၊ ဝိ / ဝိ၊ သမ္မာ၊ အ | အသွား၊အပြန် (၆)လုံး |
| (၅) အ၊ သမ္မာ၊ ဝိ၊ သု / သု၊ ဝိ၊ သမ္မာ၊ အ | အသွား၊အပြန် (၈)လုံး |
| (၆) အ၊ သမ္မာ၊ ဝိ၊ သု၊ လော | အသွား (၅)လုံး |
| လော၊ သု၊ ဝိ၊ သမ္မာ၊ အ | အပြန် (၅)လုံး |
| (၇) အ၊ သမ္မာ၊ ဝိ၊ သု၊ လော၊ အနု | အသွား (၆)လုံး |
| အနု၊ လော၊ သု၊ ဝိ၊ သမ္မာ၊ အ | အပြန် (၆)လုံး |
| (၈) အ၊ သမ္မာ၊ ဝိ၊ သု၊ လော၊ အနု၊ သတ္ထာ | အသွား (၇)လုံး |
| သတ္ထာ၊ အနု၊ လော၊ သု၊ ဝိ၊ သမ္မာ၊ အ | အပြန် (၇)လုံး |
| (၉) အ၊ သမ္မာ၊ ဝိ၊ သု၊ လော၊ အနု၊ သတ္ထာ၊ ဗု | အသွား (၈)လုံး |
| ဗု၊ သတ္ထာ၊ အနု၊ လော၊ သု၊ ဝိ၊ သမ္မာ၊ အ | အပြန် (၈)လုံး |
| (၁၀)အ၊ သမ္မာ၊ ဝိ၊ သု၊ လော၊ အနု၊ သတ္ထာ၊ ဗု၊ ဘ | အသွား (၉)လုံး |
| ဘ၊ ဗု၊ သတ္ထာ၊ အနု၊ လော၊ သု၊ ဝိ၊ သမ္မာ၊ အ | အပြန် (၉)လုံး |
| | စုစုပေါင်း (၁၀၈)လုံး |

ထိုကဲ့သို့ ၁၀၈ လုံးသည် ဂုဏ်တော်ကွန်ချာပုတီးတစ်ပတ် ဖြစ်သည်။

ဂုဏ်တော်ကွန်ချာတစ်ပတ်စိပ်ပြီးလျှင် ဆက်လက်၍ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော် ပုတီးတစ်ပတ်စိပ်ရမည်။ ထို့နောက် ဂုဏ်တော်ကွန်ချာတစ်ပတ် ပြန်စိပ်ရမည်။ ဤနည်းအတိုင်း ဂုဏ်တော်တစ်ပါး တစ်ပတ်ပြီးလျှင် ဂုဏ်တော်ကွန်ချာတစ်ပတ် စသည်ဖြင့် နောက်ဆုံး ဘဂဝါဂုဏ်တော်အထိ ပြီးလျှင် ဂုဏ်တော်(၉)ပါး ကိုးပတ်စိပ်ပြီး၍ ဂုဏ်တော်ကွန်ချာလည်း (၉)ပတ်စိပ်ပြီးသွားပေလိမ့်မည်။ ပုတီးတစ်ပတ်လျှင် ဂုဏ်တော်အကြိမ် ၁၀၀ သတ်မှတ်နိုင်ပါသည်။ ထိုသို့အားဖြင့် ရက်အကန့်အသတ်မထားဘဲ ဂုဏ်တော်ပေါင်း ရှစ်သောင်းလေးထောင်ပြည့်အောင် စိပ်ရပါမည်။ ဂုဏ်တော် 'ရှစ်သောင်းလေးထောင်'ပြည့်သည့်နေ့တွင် ဤမှန်ကန်သော သစ္စာကြောင့် တရားတော်၏ အဆီအနှစ်ဖြစ်သည့် 'မဂ်ဖိုလ်'တရားများ ရရှိလိုမှုကို အဓိကထားပြီး မိမိလိုသောဆုကို သစ္စာပြုဆုတောင်းနိုင်ပါသည်။ ထိုကဲ့သို့ ပထမအဆင့် အဓိဋ္ဌာန်အောင်လျှင် မိမိအတွက် ဖူလုံပြီဟု မိန့်တော်မူပါသည်။

### (ခ) ဒုတိယအဆင့်

ဒုတိယအဆင့်တွင် နှစ်သိန်းလေးသောင်းအထုရှိသော 'ပထဝီမြေဓာတ်'ကို ရည်မှန်းလျက် ဘုရားဂုဏ်တော် 'နှစ်သိန်းလေးသောင်း'အကြိမ် ယခင်အတိုင်း ပွားများရမည်။

### (ဂ) တတိယအဆင့်

လေးသိန်းရှစ်သောင်းအထုရှိသော 'အာပေါဓာတ်'ကို ရည်မှန်းလျက် ဘုရားဂုဏ်တော် 'လေးသိန်းရှစ်သောင်း'အကြိမ် ယခင်အတိုင်း ပွားများရမည်။

### (ဃ) စတုတ္ထအဆင့်

ကိုးသိန်းခြောက်သောင်းအထုရှိသော 'ဝါယောဓာတ်'ကို ရည်မှန်းလျက် ဘုရားဂုဏ်တော် 'ကိုးသိန်းခြောက်သောင်း'အကြိမ် ယခင်အတိုင်း ပွားများရမည်။

### (င) ပဥ္စမအဆင့်

တစ်ဆယ့်ကိုးသိန်းနှစ်သောင်းအထုရှိသော 'တေဇောဓာတ်'ကို ရည်မှန်းလျက် ဘုရားဂုဏ်တော် 'တစ်ဆယ့်ကိုးသိန်းနှစ်သောင်း' အကြိမ် ယခင်အတိုင်း ပွားများရမည်။

ထိုကဲ့သို့ ပထမအဆင့်အတိုင်း အဓိဋ္ဌာန်ဆောက်တည်၍ ပဥ္စမအဆင့်ထိ အဓိဋ္ဌာန်အောင်လျှင် လိုရာဆန္ဒ ပြီးမြောက်စေနိုင်သည်ဟု ဆရာတော်က မိန့်ဆိုတော်မူပါသည်။ ဘုရားဂုဏ်တော်၏ စွမ်းအားတန်ခိုးများသည် ပွားများသူတို့၏ကိုယ်၌ ပျံ့နှံ့စေလျက် အကျိုးတရားများစွာ ခံစားရကြောင်း ကိုယ်တွေ့ဖြစ်စဉ်များကို ဆက်လက်မိန့်ကြားတော်မူပါသည်။

တစ်နေ့တွင် ဆရာတော်၏ တပည့်ရင်းဖြစ်သော မန္တလေးမြို့မှ သူဌေးမိသားစု၏ အလှူပွဲတစ်ခုမှာ တစ်သိန်းကျော်တန် လည်ဆွဲရတနာပျောက်ဆုံးသွားခဲ့သည်ကို အဓိဋ္ဌာန်ပြုဆောင်ရွက်ပေးမှုကြောင့် ပြန်လည်ရရှိခဲ့သည်။ ထို့ကြောင့် ကတိပြုထားသည့်အတိုင်း တိုက်ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သည်။ ထို့နောက် အလှူရှင်များ အသီးသီးပေါ်ပေါက်လာပြီး နှစ်ထပ်တိုက်ကျောင်း၊ သုံးထပ်တိုက်ကျောင်းများ ဖြစ်လာခဲ့သည်။ တစ်ခါတွင်လည်း ဆရာတော်သည် ကျောင်းရှိ သံဃာအပါး ၁၈၀ ခန့်အား ဒူးရင်းသီးနှင့် မင်းကွတ်သီး ကပ်လှူလိုသော ဆန္ဒဖြစ်ပေါ်ခဲ့သည်။ သုံးရက်ခန့်အကြာ အလှူရှင်တစ်ဦးက ဆွမ်းကပ်ရာ လက်ဖက်ရည်ပွဲတွင် ဒူးရင်းသီးနှင့် မင်းကွတ်သီးများ ပါဝင်ကပ်လှူသဖြင့် ကျောင်းတွင်းရှိ သံဃာအားလုံးသာမက လူပုဂ္ဂိုလ်များ၊ ယောဂီများပါမကျန် လုံလောက်စွာ သုံးဆောင်ရသည်။

၁၃၅၁ ခုနှစ်၊ တန်ခူးလကလည်း ဆရာတော်သည် ကျောင်းဝင်းမျက်နှာစာ သံဃာတော်များ ဆွမ်းခံသည့်နေရာတစ်လျှောက် စကျင်ကျောက်ပြားများခင်းလိုသော ဆန္ဒဖြစ်ပေါ်ခဲ့ပြီးနောက် များမကြာမီ ဝိပဿနာ ၁၀ ရက်စခန်း ဝင်နေသော ရန်ကုန်မြို့၊ ကမ္ဘာအေး အရှေ့ဝါယာလက်(၂)လမ်းနေ ဦးအောင်နိုင်+ဒေါ်အေးမြင့် မိသားစုက စကျင်ကျောက်ပြားခင်းရန် အလှူငွေ တစ်သိန်းလှူဒါန်းသဖြင့် ပြီးမြောက်အောင်မြင်ခဲ့သည်။ ထိုကဲ့သို့ ဆန္ဒဖြစ်တိုင်း သုံးရက်အတွင်း ဆန္ဒပြည့်ဝသည်မှာ တိုက်ဆိုင်မှုများသာမဟုတ်ဘဲ ဂုဏ်တော်ကွန်ချာ၏ အဓိဋ္ဌာန်အောင်မြင်မှု စရဏအစွမ်းကြောင့်ဟု ဆရာတော်က မိန့်ဆိုပါသည်။

ထို့အပြင် ဟံသာဂီရိချောင် ပရိဝုဏ်အတွင်း နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ခုနစ်ဆူဘုရားများနှင့် နဂါးရုံမြတ်စွာဘုရား တည်ထားကိုးကွယ်နိုင်ခဲ့သည်။ သရက်ပင်ဆိပ်ရေစက်ကြီး ပြုပြင်မွမ်းမံရာတွင်လည်း ပါဝင်လှူဒါန်းနိုင်ခဲ့သည်။ ယခုဆိုလျှင် နှစ်စဉ် တန်ခူးလနှင့် ဝါဆိုလတို့၌ ဝိပဿနာ ၁၀ ရက်စခန်းများကိုလည်း မပူမပင် ဖွင့်လှစ်နိုင်ခဲ့သည်။ ကျောင်းရှိသံဃာအပါး ၂၀၀ ကျော်ကို စာပေသင်ကြားမှု 'ဂန္ထဓူရ'သာမက ၁၃၅၆ ခုနှစ်မှစ၍ ကျောင်းရှိ သံဃာများနှင့် ယောဂီများ ၅၀၀ ဝန်းကျင်ခန့်ကို တရားအားထုတ်မှု 'ဝိပဿနာဓူရပါ'ဆောင်ရွက်နေပြီဖြစ်ပါသည်။ ကျောင်းရှိသံဃာများသည် စာဝါတက်ချိန်၊ စာကျက်ချိန် မပျက်စေရန် တစ်နှစ်ပတ်လုံး တောင်ခြေသို့ ဆွမ်းခံမထွက်ရဘဲ ကျောင်းဝင်းအတွင်းမှာပင် ဆွမ်းခံလို့ရအောင် ဆောင်ရွက်ထားသည်ဟု ဆိုပါသည်။ နေ့စဉ်ဆွမ်း အလှူရှင်များ ရှိသည်။ ကုသိုလ်ရှင်မပေါ်သည့်ရက်များတွင် ဆရာတော်က တာဝန်ယူပါသည်။

အချုပ်အားဖြင့်ဆိုရပါမူ ဆရာတော်ကြီးသည် 'ဂုဏ်တော်ကွန်ချာ' တစ်မျိုးတည်းကိုသာ တစိုက်မတ်မတ် အာရုံစိုက်၍ စိပ်ခဲ့သဖြင့် သမာဓိအားကောင်းလာပြီး လိုအင်ဆန္ဒပြည့်ဝလာခြင်းပါ။ တစ်ကြိမ်၊ နှစ်ကြိမ်မဟုတ် အကြိမ်ပေါင်းများစွာ ဆန္ဒပြည့်ဝခြင်းသည် မေတ္တာစွမ်းအားနှင့် ဂုဏ်တော်ကွန်ချာပွားခြင်းကြောင့်ပင် ဖြစ်ပါသည်။

ထို့ကြောင့် မေတ္တာစွမ်းအားနှင့် ဂုဏ်တော်ကွန်ချာပွားခြင်း၏ ကောင်းကျိုးတန်ခိုးများကို သိရှိဆောင်ရွက်နိုင်ကြရန် ယခင်ကတွေ့ကြုံခဲ့သည့်အကြောင်း သိကောင်းစရာများကို ရေးသားဖော်ပြလိုက်ရပါသည်။

❖ "ပညာ" သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ကို ရရှိစေ...

❖ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံကြမှသာ နိုင်ငံအကျိုး သယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီး တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်သော ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက KIA၊ AA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းအဖွဲ့ ယာယီထိန်းချုပ်ထားသည့် ကချင်ပြည်နယ် ဗန်းမော်မြို့အနီးရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများနှင့် ရပ်ကွက် / ကျေးရွာအချို့အား ပြန်လည်ထိန်းချုပ်ရရှိ

နေပြည်တော် စက်တင်ဘာ ၁၁

KIA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် AA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့်ပူးပေါင်း၍ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ နယ်စပ်ဒေသကုန်သွယ်ရေးအတွက် အရေးပါသော ဗန်းမော်-တာဆိုင်း-မြို့သစ်-လိုင်ဇာ လမ်းကြောင်း၊ ဗန်းမော်-မိုးမောက်-တာဆိုင်း-လိုင်ဇာလမ်းကြောင်း၊ ဗန်းမော်-မိုးမောက်-လွယ်ဂျယ် လမ်းကြောင်းများအား ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် မတ်လ ၇ ရက်မှစ၍ တရုတ်-မြန်မာနှစ်နိုင်ငံကြားနယ်မြေထိစပ်လျက်ရှိသော ကချင်ပြည်နယ် အရှေ့ဘက်ရှိ နယ်မြေလုံခြုံရေးစခန်းများနှင့် ဒေါ့ဖုန်းယန်မြို့၊ မြို့သစ်မြို့၊ တာဆိုင်းရွာများအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ယာယီထိန်းချုပ်ထားခဲ့သည်။

ယင်းနောက် မိုးမောက်မြို့ရှိ တစ်ခုတည်းသော နယ်မြေခံလုံခြုံရေးတပ်ရင်းအား ၂၀၂၄ ခုနှစ် ဧပြီလ ၂၄ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ ရဲမေများအနေဖြင့် ကြံ့ကြံ့ခိုင်ခိုင် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ အထိနာ၍ ဇွန်လ ၂၅ ရက်နေ့တွင် မိုးမောက်မြို့နှင့် အနီးဝန်းကျင်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် လူအင်အား ထပ်မံဖြည့်တင်းခြင်း၊ မိုးမောက်မြို့တွင်းရှိ ပြည်သူလူထုနေအိမ်များအား ဖောက်ထွင်း၍လိုအပ်သည့်ရိက္ခာ၊ ဆေးပစ္စည်းများအား အဓမ္မယူဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် လက်နက်ကြီးများ၊ Drone များဖြင့် Drop Bomb များကြဲချတိုက်ခိုက်ခြင်းနှင့် လူအင်အား အမြောက်အမြား အသုံးပြု၍ မိုးမောက်မြို့ရှိ နယ်မြေခံတပ်ရင်းအား ထပ်မံဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မဆုတ်မနစ်သော စိတ်ဓာတ်များဖြင့် ကြံ့ကြံ့ခံခုခံတိုက်ခိုက်ခဲ့သော်လည်း အကြမ်းဖက်သောင်းကျန်းသူ

စာမျက်နှာ ၈ သို့ ☆



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းအဖွဲ့ ယာယီထိန်းချုပ်ထားသည့် ဗန်းမော်မြို့အနီးရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများနှင့် ရပ်ကွက်/ကျေးရွာအချို့အား ပြန်လည်ထိန်းချုပ်ရရှိမှုနေရာပြမြေပုံ။




## အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် တောင်ကိုရီးယား၊ ဂျပန်၊ မြောက်ကိုရီးယားကလပ်အသင်းများနှင့်အတူ အုပ်စုတစ်အုပ်စုတည်း ကျရောက်ခဲ့သည့် ISPE FC

ရန်ကုန် စက်တင်ဘာ ၁၁

ယနေ့ပြုလုပ်ခဲ့သည့် ၂၀၂၅-၂၀၂၆ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲအပြီးတွင် မြန်မာအမျိုးသမီးလိဂ်ချန်ပီယံ ISPE FC အမျိုးသမီးအသင်းသည် တောင်ကိုရီးယား၊ ဂျပန်၊ မြောက်ကိုရီးယားကလပ်အသင်းတို့ ပါဝင်သည့် အုပ်စု(C) တွင် ကျရောက်ခဲ့သည်။

ISPE FC အသင်းသည် တောင်ကိုရီးယားကလပ် Suwon FC ၊ ဂျပန်ကလပ် Tokyo Verdy Beleza FC၊ မြောက်ကိုရီးယားကလပ် Naegohyang FC တို့နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ISPE အမျိုးသမီးအသင်း ပါဝင်သည့် အုပ်စု(C)ပွဲစဉ်များကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် အုပ်စုတစ်ခုစီမှ အုပ်စုပထမနှင့် ဒုတိယရရှိသည့် အသင်းခြောက်သင်း၊ အကောင်းဆုံး အုပ်စုတတိယနှစ်သင်းနှင့် စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

(NGB)

0-0-0-0-0